မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၃၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာ ကတိုက်ချောင်းပေါ်၌ တည်ဆောက်နေသော ကတိုက်ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံနှင့်အောက်ပုံ) (သတင်းစဉ်)

တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်

ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားများသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်တို့ဖြင့် နိုင်ငံ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များ စုပေါင်းကျင်းပပြုလုပ်ခဲ့သော ပင်လုံညီလာခံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်ပြသနိုင်ခဲ့ကြသည်။ သို့ဖြစ်၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကာ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တောင်းတံတား (မုပ္ပလင်) တည်ဆောက်မည့်နေရာကြည့်ရှု လက်ရှိတံတား၏ရေစုန်ဘက် လေးမိုင်ခန့်အကွာ၌ တည်ဆောက်သွားမည် ပင်မတံတားအရှည် ၁၃၆၅ပေ အပါအဝင် စုစုပေါင်းပေအရှည် ၂၃၉၂ ဒသမ ၇ ပေရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ မွန်ပြည်နယ်သို့ ထွက်ခွာခဲ့သည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ✡

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်ထားလုပ်ကိုင် အခြေခံအဆောက်အအုံများ တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်လျော့နည်းကျဆင်းရေး၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားတိုးတက်ပြီး အဆင့်အတန်းရှိရှိ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ဘက်ပေါင်းစုံ ထူထောင်ပေးလျက် ရှိသည်။

ယင်းကဲ့သို့ ထူထောင်ရာ၌ တပ်မတော်အစိုးရသည် ကိုယ့်အားကိုယ်ကိုးပြီး ပြည်သူများ၏ပူးပေါင်း ပါဝင်မှုနှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုများကို အခြေခံပြီး ထူထောင်ခဲ့ခြင်းဖြစ်သည်။ တစ်နည်း အားဖြင့် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းလုပ်ကိုင်မှုကြောင့် လိုအပ်သည့် အခြေခံအဆောက်အအုံများ ပြည့်စုံလုနီးပါး ဖြစ်ပေါ်တည်ရှိလာခြင်း ဖြစ်သည်။

ယခုအခါ တိုင်းပြည်၏ စီးပွားရေးသည် အတိုင်းအတာတစ်ရပ်အထိ တိုးတက်လာသကဲ့သို့ အတတ်ပညာပိုင်းတွင်လည်း တိုးတက်လာရာ အခြေခံအဆောက်အအုံများဖြစ်သည့် တံတားအသေးစား၊ အလတ်စား၊ အကြီးစားတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်လာနိုင်သည်။ ထိုသို့ အတတ်ပညာနှင့် အတွေ့အကြုံများကို စုဆောင်းလာနိုင်သဖြင့် တပ်မတော်အစိုးရသမိုင်းတွင် သမိုင်းဝင်၊ သမိုင်းတွင်မည့် အကြီးမားဆုံးတံတားကြီးတစ်စင်းကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီးဖြစ်သည့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ကို ဖေဖော်ဝါရီလ ၅ ရက်နေ့က ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။

သံလွင်တံတား(မော်လမြိုင်)ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားရာ၌-

“နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးလာစေရေးဆိုသည့် ရည်မှန်းချက်၊ စေတနာတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသားတစ်ဦးအနေဖြင့် မိမိဒေသအတွင်းရှိ ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု ဤတံတားကြီးအပါအဝင် နိုင်ငံပိုင်ပစ္စည်းများကို ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ သဘောထား၍ အဖျက်အဆီးမခံရအောင်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမှာ ဖြစ်ကြောင်း”

ပြောကြားသွားသည်။

နိုင်ငံတစ်ဝန်း၌ တောင်မြောက်ဆက်သွယ်သည့်လမ်းများ၊ အရှေ့အနောက်သွားလာနိုင်သည့် လမ်းသစ်များ သာမက လိုအပ်သည့် တံတားအမျိုးအစားမျိုးစုံကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဖျား၊ အရှေ့ဖျားမှအနောက်ဖျားအထိ ကူးသန်းသွားလာရောင်းဝယ်ဖောက်ကားနိုင်ပြီ ဖြစ်သည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေးပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံများကို နိုင်ငံတော်က ထူထောင်ဖန်တီးပေးလျက်ရှိသည်။ ထိုအခြေခံများကို အသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်လုပ်ကိုင်ကြရမည် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၌ တည်ဆောက်ပြီး တံတားများအနက် အရှည်ဆုံး၊ အကြီးဆုံးတံတားကြီးဖြစ်ပြီး လူ၊ ကားနှင့် ရထားပါသွားလာနိုင်သည့် အရှည်ပေ ၁၁၅၇၅ ပေရှိ သံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာစေရမည်ဆိုသည့် ရည်မှန်းချက်နှင့် စေတနာထားရှိ၍ ဆောင်ရွက်ပေးခဲ့သည့် အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပင်လယ်ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး တရုတ်နိုင်ငံ၌ ရှစ်နှစ်အစီအစဉ် စတင်

ပေကျင်း ဖေဖော်ဝါရီ ၅

တရုတ်နိုင်ငံ၏တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းတွင် ပင်လယ်ဇီဝမျိုးကွဲများ ကာကွယ်ရေး ရှစ်နှစ်အစီအစဉ်ကို တရုတ်နိုင်ငံက ဗုဒ္ဓဟူးနေ့၌ စတင်ခဲ့သည်။

ထိုအစီအစဉ်များကို ရှေးဦးစွာ တရုတ် အရှေ့တောင်ကမ်းရိုးတန်းမြို့များရှိ နေရာလေးခုတွင် အဓိက ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နေရာလေးခုမှာ ဇီးကျန်းပြည်နယ်ရှိ နန်ကျီကျွန်း၊ ဟိုင်နန်ကျွန်းပြည်နယ်ရှိ ဆန်ယာပင်လယ် ကာကွယ်ရေးဒေသ၊ ကွမ်စီကျောင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသရှိ ရှန်ကူဒီရေရောက်တောအပြင် ဖူကျင်းနှင့် ကွမ်တုံပြည်နယ်ကြား နယ်စပ်တစ်လျှောက် ဖြစ်ကြောင်း ပင်လယ်သမုဒ္ဒရာ အုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဝမ်ရှုကွမ်က ပြောကြားသည်။

ကြာမည်

အစီအစဉ်မှာ ရှစ်နှစ်ကြာမည် ဖြစ်ပြီး ထိုအစီအစဉ်အတွက် တရုတ်နိုင်ငံက ယွမ် ၁၂ ဒသမ ၇၅ သန်း (အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၇ သန်းခန့်) သုံးစွဲဖွယ်ရှိသည်ဟု ဝမ်ရှုကွမ်က ပြောကြားသည်။

ပေးမည်

ယင်းအစီအစဉ်သို့ ကမ္ဘာ့ပတ်ဝန်းကျင် အထောက်အကူပြု အဖွဲ့က ဒေါ်လာ ၃ ဒသမ ၅၁၅ သန်းနှင့် အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့် လေထုလွှာ အုပ်ချုပ်ရေးဌာနက ဒေါ်လာ ၄၆၀၀၀၀ ပေးမည် ဖြစ်သည်။

ပြင်ဆင်ထား

ယင်းအစီအစဉ်ကို တရုတ်နိုင်ငံက ၁၀ နှစ်ကြာအတွက် ပြင်ဆင်ထားကြောင်း၊ ဒေသလေးခုအတွင်းပင်လယ် ဇီဝမျိုးကွဲ ကာကွယ်မှုအဆင့် မြင့်ရန် ဒေါ်လာ ၁၂ ဒသမ ၇၄၉ သန်း အသုံးပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ နိုင်ငံတကာဆိုင်ရာ ဌာန ဒုတိယညွှန်ကြားရေးမှူး ရှုယုဟွာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ကလေးများ အဝလွန်ကဲမှုမရှိရေး ကြိုးပမ်းရန် အီတလီ ကျန်းမာရေးဝန်ကြီး တိုက်တွန်း

ရောမ ဖေဖော်ဝါရီ ၅

လူအများ ဆေးလိပ်သောက်ခြင်းအပေါ် တိုက်ပွဲဆင် အောင်ပွဲခံခဲ့သော အီတလီ ကျန်းမာရေးဝန်ကြီး ဂျီရိုလာမိုဆာချီယာသည် အဝလွန်မှု ဆန့်ကျင်ရေး စစ်ပွဲသစ်တွင်လည်း ၎င်းကိုယ်တိုင် ဗုဒ္ဓဟူးနေ့၌ ရှေ့တန်းက ပါဝင်ခဲ့သည်။

အီတလီနိုင်ငံတွင် အဝလွန်မှု အဆင့် အထူးသဖြင့် ကလေးငယ်များ အဝလွန်မှုအဆင့်ကို စိုးရိမ်ပူပန်ကြောင်း၊ ပထမဆုံးဆောင်ရွက်မည့် မိမိ၏အစီအစဉ်မှာ ရုပ်မြင်သံကြား စက်မှနေ၍ အစားအစာ ကြော်ငြာခြင်းကို ဖြတ်တောက်သွားခြင်းဖြစ်ကြောင်း ဂျီရိုလာမိုဆာချီယာက ပြောကြားသည်။

လိုရာဆွဲ

ရောမမြို့၌ကျင်းပသည့် အစားအစာနှင့် အာဟာရညီလာခံတွင် ဝန်ကြီးဆာချီယာက ရုပ်မြင်သံကြားမှနေ၍ အစားအစာကြော်ငြာမှုသည် လွန်ကဲကြောင်း၊ လိုရာကိုဆွဲပြီး မမှန်မကန်ပြောကြောင်း၊ ယင်းသည် လူ့ကျင့်ဝတ် မဟုတ်ကြောင်း ပြောကြားသည်။

ကြည့်ရှု

ကလေးငယ်များသည် ရုပ်မြင်သံကြားကြည့်ရန် ၎င်းတို့ဘာသာ အိမ်၌ချန်နေရစ်ကြကြောင်း၊၎င်းတို့သည် နေ့လုံးပေါက် အစားအစာ ကြော်ငြာများကို ကြည့်ရှုကြကြောင်း ဝန်ကြီး ဆာချီယာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆေးရွက်ကြီးနှင့် သွေးတိုးရောဂါကဲ့သို့ အရက်သောက်ခြင်းသည် ကောင်းကျိုးမပေး

လန်ဒန် ဖေဖော်ဝါရီ ၅

လူကို သေဆုံးစေရာတွင် လည်းကောင်း၊ မသန်မစွမ်းဖြစ်စေရာတွင် လည်းကောင်း အရက်သောက်ခြင်းသည် ဆေးရွက်ကြီးသောက်သုံးခြင်း၊ သွေးတိုးဖြစ်ပွားခြင်းကဲ့သို့ပင် ကောင်းကျိုးမပေးကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းတက္ကသိုလ်မှ ပါမောက္ခ ရော်ဘင်ရွမ်းက ပြောကြားလိုက်သည်။

အရက်သည် ခံတွင်း၊ အသည်း၊ ရင်သားကင်ဆာ၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် အသည်းခြောက်ခြင်းအပါအဝင် မတူညီသော ဆေးပညာပိုင်းဆိုင်ရာ အခြေအနေ ၆၀ ကျော်နှင့် ဆက်စပ်မှုရှိသည့်ပြင် မော်တော်ယာဉ်မတော်တဆ တိုက်ခိုက်မှုဖြစ်ခြင်း၊ ရေနစ်ခြင်း၊ လိမ့်ကျခြင်းအပြင် လူသတ်မှုဖြစ်ခြင်းတို့နှင့်လည်း ဆက်စပ်သည်။

များပြား

ဘက်ပေါင်းစုံအားဖြင့် ကမ္ဘာ့ရောဂါဝန်ပိမှု၏ ၄ ရာခိုင်နှုန်းသည် အရက်ကြောင့်ဖြစ်ကြောင်း၊ အရက်ကြောင့် သေဆုံးရမှုသည် ကမ္ဘာ၌ ဆေးရွက်ကြီးနှင့် သွေးတိုးကြောင့် သေဆုံးရမှုကဲ့သို့ များပြားကြောင်း ပါမောက္ခ ရော်ဘင်ရွမ်းက ပြောကြားသည်။

ကမ္ဘာ၌ ဆေးရွက်ကြီးကြောင့် ၄ ဒသမ ၁ ရာခိုင်နှုန်းနှင့် သွေးတိုးကြောင့် ၄ ဒသမ ၄ ရာခိုင်နှုန်း သေဆုံးကြောင်း၊ အရက်သည် ကမ္ဘာတွင် ကျန်းမာရေးနှင့်ဆိုင်သော ပြဿနာရပ်ကြီး တစ်ခုဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရက်သည် သီးခြားပြဿနာတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရှိသင့်

ဆေးရွက်ကြီးထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် အလားတူ အရက်ဈေးကွက်ရှာမှုဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်တစ်ရပ်ရှိသင့်ကြောင်း ပါမောက္ခ ရွမ်းနှင့် လုပ်ဖော်ကိုင်ဖက်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကတိုက်ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်း စံပြကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်ရန်လျာထားသည့်နေရာ၊ စစ်တောင်းမြစ်နှင့်ပတ်ဝန်းကျင် အနေအထားများကို စီမံကိန်းရှင်းလင်းဆောင်မှ ကြည့်ရှုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်စောထွန်းက စစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်ရေးစီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ခဲ့သည့် နေရာအနေအထားနှင့် စီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်နေသည့်အခြေအနေများ၊ တံတားနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်က တံတားများ၏ ခံနိုင်ဝန်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဝန်ကြီးများဖြစ်ကြသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တံတားအမြန်ပြီးစီးအောင်တည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တည်ဆောက်မည့်တံတားသည် ဤဒေသ၌ ကျော်ကြားပြီး၊ ဘိလပ်မြေသယ်သည့် ဝန်လေးယာဉ်များ စိတ်ချစွာ ဖြတ်သန်းသွားလာနိုင်အားရှိသည့် တံတားဖြစ်အောင် ကြိုတင်ညှိနှိုင်းစီမံထားရန်နှင့် တံတားကို အမြန်ပြီးစီးအောင် တည်ဆောက်ရန် မှာကြားသည်။

စစ်တောင်းတံတား(မုပ္ပလင်)ကို လက်ရှိ စစ်တောင်းတံတား၏ ရေစုန်ဘက် လေးမိုင်ခန့်အကွာနေရာ၌ တည်ဆောက်သွားမည်ဖြစ်သည်။ စစ်တောင်းတံတား(မုပ္ပလင်)ကို ယာဉ်သွားလမ်း အကျယ် ၂၈ ပေရှိသည့် တံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

နှစ်ကာလရှည်ကြာ

လက်ရှိအသုံးပြုလျက်ရှိသည့် စစ်တောင်းတံတားမှာ တည်ဆောက်ခဲ့သည့် နှစ်ကာလ ရှည်ကြာခဲ့ပြီဖြစ်သည့်အပြင် အစွန်းထွက် ရက်မများပေါ်၌ မော်တော်ကားလမ်း တည်ဆောက်ထားမှုကြောင့် ဝန်လေးယာဉ်များဖြတ်သန်းသွားလာရန် မသင့်လျော်တော့သဖြင့် ယခုကဲ့သို့ စစ်တောင်းမြစ်ကူး တံတားအသစ်တစ်စင်းကို တည်ဆောက်ရခြင်းဖြစ်သည်။

စစ်တောင်းတံတား(မုပ္ပလင်)၏ အပေါ်ထည်ကို သံမဏိသံပေါင်အမျိုးအစားအဖြစ်လည်းကောင်း၊ အောက်ထည်ကို သံကူကွန်ကရစ်ပိုင်တိုင် အမျိုးအစားအဖြစ်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်သည်။ ပင်မတံတားအရှည် ၁၃၆၅ပေ အပါအဝင် စုစုပေါင်း ၂၃၉၂ ဒသမ ၇ ပေ ရှည်မည့် တံတားဖြစ်ကြောင်း သိရှိရသည်။

ကတိုက်ရေလှောင်တမံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်များဖြင့် မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာ အထက်နှစ်မိုင်ခန့်အကွာ ကတိုက်ချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကတိုက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးက ကတိုက်ရေလှောင်တမံ တည်နေရာ၊ အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများ၊ အကျိုးပြုဧကအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးမှုအခြေအနေ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပေါင်မြို့နယ် အပါအဝင် မွန်ပြည်နယ်၏ နှစ်အလိုက် မိုးရွာသွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက ရေလှောင်တမံစီမံကိန်းများအတွက် စက်သုံးဆီ ပံ့ပိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကတိုက်ရေလှောင်တမံစီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် အားထည့် တည်ဆောက်သွားရန်နှင့် ကျောက်စရစ်ချောင်းအပါအဝင် ဒေသတွင်း ရရှိနိုင်သော ရေအရင်းအမြစ်များကို လေ့လာတိုင်းတာ၍ ဆည်တမံနှင့် တာပတ်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လမ်းညွှန်သည်။

ရှုရပ်မှကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကတိုက်ရေလှောင်တမံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ကြည့်ရှုကြသည်။

ကတိုက်ရေလှောင်တမံကို အလျားပေ ၅၂၀၀၊ အမြင့် ၁၃၄ ပေရှိ မြေသားတမံအဖြစ် တည်ဆောက်လျက်ရှိသည်။ ရေလှောင်တမံ၏ တမံပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၅၆၀၀၀ ဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၁၀၀၀၀ ကို သီးထပ်စိုက်ပျိုးရန်အတွက် ရေပေးဝေသွားနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကတိုက်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ သံလွင်တံတား (မော်လမြိုင်)ပေါ်မှ ဖြတ်သန်းလာခဲ့ရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လက်ရှိစစ်တောင်းတံတားမှာ နှစ်ကာလကြာပြီး ဝန်လေးယာဉ်များဖြတ်သန်းရန်မသင့်လျော်၍ အသစ်တည်ဆောက်

လယ်မြေဧက ၁၀၀၀၀ သီးထပ်စိုက်ပျိုးရန် စိုက်ပျိုးရေပေးဝေနိုင်မည့် ကတိုက်ရေလှောင်တမံစီမံကိန်း

- ❒ လက်ရှိအသုံးပြုလျက်ရှိသည့် စစ်တောင်းတံတားမှာ တည်ဆောက်ခဲ့သည့် နှစ်ကာလရှည်ကြာခဲ့ပြီဖြစ်သည့်အပြင် အစွန်းထွက်ရက်မများပေါ်၌ မော်တော်ကားလမ်း တည်ဆောက်ထားမှုကြောင့် ဝန်လေးယာဉ်များဖြတ်သန်းသွားလာရန် မသင့်လျော်တော့သဖြင့် ယခုကဲ့သို့ စစ်တောင်းမြစ်ကူးတံတား အသစ်တစ်စင်းကို တည်ဆောက်ရခြင်းဖြစ်။
- ❒ ကတိုက်ရေလှောင်တမံကို အလျားပေ၅၂၀၀၊ အမြင့်၁၃၄ပေရှိ မြေသားတမံအဖြစ် တည်ဆောက်လျက်ရှိကာ ရေလှောင်တမံ၏ တမံပြည့် ရေလှောင်ပမာဏမှာ ဧကပေ၅၆၀၀၀ ဖြစ်ပြီး စီမံကိန်းပြီးစီးပါက လယ်မြေဧက ၁၀၀၀၀ ကို သီးထပ်စိုက်ပျိုးရန်အတွက် ရေပေးဝေသွားနိုင်မည်။

(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

ချင်းရွှေဟော်မှ ရေကြည်မြ

★ ကွမ်းလုံကိုကျော်၊ ချင်းရွှေဟော်သို့
ချစ်ဖော် ဆွေမိတ်၊ သူတို့ဖိတ်၍
ကိုယ် စိတ် ချမ်းမြ၊ ရောက်ခဲ့ရသည်
ဆောင်းလ စာဆို ရာသီတကား။

★ မြောက်သို့လားသော်၊ ပါကဲ့ဟော် တဲ့
ရေပေါ် လျှပ်စစ်၊ စွမ်းအားသစ်ဖြင့်
မြို့သစ် ဝင်းအောင်၊ အလင်းဆောင်၏
တောင်ဘက်ညိုမောင်း၊ နမ့်တိန်ချောင်းတည့်
တောင်စောင်းနိမ့်မြင့်၊ စီရီဆင့်လျက်
ရှုချင့်ဖွယ်ရာ၊ အရှေ့မှာမူ
နမ့်ဖာဟော် ကား၊ နယ်စပ်ခြားသည့်
တံတားဆောက်တည်၊ သူတို့ပြည်တည့်
လည်ပြန် မျှော်မှန်း၊ အနောက်ခြမ်းဝယ်
ကွမ်းလုံမြို့လျှင်၊ ရေးရေးထင်သည်
ဝန်းကျင် သာယာ လှသည်တကား။

★ ကိုးကန့် ဘာသာ၊ စကားမှာလျှင်
လေ့လာပိုင်းခြား၊ ပြန်ဆိုငြားသော်
"ချင်း"ကား ကြည်လင်ခြင်း
"ရွှေ"ကား ရေသီတာ
"ဟော်"မှာ ရေထွက်
အနက်အဓိပ္ပာယ်၊ ချစ်စဖွယ်ပင်
တင့်တယ်စွလေ၊ အလှဝေသည်
ရေကြည်ထွက်သော မြို့ကလေး။
ချင်းရွှေဟော်ဟု အမည်ပေး။

★ သြော်-ငွေနှင်းမှုန်မှုန်၊ လေညင်းသုန်စဉ်
ပန်းဂျုံပွင့်လှိုင်၊ မြရိပ်မြိုင်နှင့်
လောက်ကိုင် သွားပြန်၊ ဆန်စုန်ခရီး
မငြီးမွေ့လျော်၊ ချင်းရွှေဟော်၌
ပျော်ရွှင် ခေတ္တ၊ အနားရခဲ့
ဒေသငြိမ်းအေး၊ ငြိမ်းချမ်းရေးကြောင့်
မွှေးထုံ လန်းဆန်း၊ မေတ္တာပန်းတို့
ပွင့်လန်းခဲ့ပါ၊ ဤနေရာဝယ်
ထာဝရ ရေသည် ကြည်ပါစေ။
မြို့နာမည်နှင့် လိုက်ဖက်စေ။
ကမ္ဘာတည်သရွေ့ ခိုင်မြဲစေ။ ။

မြင်းမူမောင်နိုင်မိုး

■ ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဂေါပကအဖွဲ့ရုံး ဧည့်ခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံခဲ့မှု အခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကျိုက်မရောမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး ကျိုက်မရော–ကျောက်တလုံးကားလမ်း၊ မုဒုံ–မော်လမြိုင်ကားလမ်းနှင့် ပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုအမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရောဝတီတိုင်း မြောင်းမြမြို့နယ် ကညင်ကိုင်းကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကညင်ကိုင်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ လပွတ္တာ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၅၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဌေးနိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြောင်းမြမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)၊ မြောင်းမြခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက် အတွင်းရေးမှူး ဒေါက်တာလှလှဝင်း၊ မြောင်းမြခရိုင် အမျိုးသမီးရေးရာ တွဲဖက်အတွင်းရေးမှူး ဒေါ်လှမြင့်၊ ကညင်ကိုင်းကျေးရွာမှ ရပ်မိရပ်ဖ ဦးမန်ဆိတ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ပန်းအိမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ဒေါ်ဌေးဌေးရီတို့က ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

အမှာစကားပြော

ယင်းနောက်သဘာပတိမြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဌေးနိုင်က အဖွင့်အမှာ စကားပြောကြားသည်။

တင်ပြ

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍မြောင်းမြခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်မေသီတာအောင်ကလည်းကောင်း၊ အမျိုးသား ညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မျိုးမြတ်ကလည်းကောင်း၊ မြောင်းမြခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးပြုံးချိုကလည်းကောင်း တင်ပြကြသည်။

ထောက်ခံဆွေးနွေး

ထို့နောက် မြောင်းမြမြို့နယ် သိလ္လာတိုက်နယ် ဂါတ်စုကျေးရွာ မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး မန်းမြင့်ဝင်းက ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များကို ထောက်ခံဆွေးနွေးသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံခြင်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထု၏သဘောတူညီကြောင်း ဆန္ဒပြုချက်အရ အတည် ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက်မျိုးဆက်သစ်ကျောင်းသားကျောင်းသူလေးများက **'ပြည်မြန်မာ'** သီချင်းနှင့် **'ရာသက်ပန် ပြည်ထောင်စု'** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့်ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက်၈နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ခုနစ်နှစ်ပြည့် အလှူတော်မင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းသင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ အရှေ့ဘက်ရှိ သုမင်္ဂလာရာမ လယ်တီ ဝိပဿနာကျောင်းတိုက်ကြီးတွင် လယ်တီ ဆရာတော်ကြီးကို ရည်စူး ပူဇော်သောအားဖြင့် ခုနစ်နှစ်ပြည့် အလှူတော် မင်္ဂလာပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ထမနဲ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက အဋ္ဌမအကြိမ်မြောက် ထမနဲထိုးပွဲနှင့် စတုဒိသာကျွေးပွဲ၊ ပရိယတ္တိ စာသင်တိုက် ၂၁တိုက်တို့သို့ ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၀ရက်တွင် ကျင်းပမည်ဖြစ်ရာ ထမနဲတစ်ဒယ်လျှင် ကျပ် ငါးထောင် နှုန်းဖြင့် ဖုန်း–၂၉၀၄၀၉ သို့ ဆက်သွယ် ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၃၅၂)

❍ ကျောဖုံးမှ

အခမ်းအနားသို့ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး ဦးလူရယ်ဘိုးလူနှင့် အလုပ်အမှုဆောင်များ၊ လွိုင်ကော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လွိုင်ကော်ခရိုင်အတွင်းရှိ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတောမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသင်းစည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အားစုစုပေါင်း ၁၅၀၀ကျော် တစ်ခဲနက် တက်ရောက်ကြသည်။

ချီတက်နေရာယူ

အခမ်းအနားမစတင်မီ နံနက် ၇ နာရီမှစတင်၍ သတ်မှတ်ထားသော စုရပ်အသီးသီးမှ လွိုင်ကော်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းအေးဟန် ဦးစီးခေါင်းဆောင်သော လွိုင်ကော်စစ်ကြောင်း၊ ဒီးမော့ဆိုမြို့နယ်အသင်း အတွင်းရေးမှူး ဦးဖဲဘူးလော် ဦးဆောင်သော ဒီးမော့ဆိုစစ်ကြောင်း၊ ဖရူဆိုမြို့နယ်အသင်း အတွင်းရေးမှူး ဦးစောဟူးဟူး ဦးဆောင်သော ဖရူဆိုစစ်ကြောင်း၊ ရှားတောမြို့နယ်အသင်း အလုပ်အမှုဆောင် ဦးစောယောသပ်ဦး ဦးဆောင်သော ရှားတောစစ်ကြောင်းများသည် အခမ်းအနားကျင်းပမည့် ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်သို့ တိုင်းရင်းသားရိုးရာ အိုးစည်ဗုံမောင်းများဖြင့် စနစ်တကျချီတက်နေရာယူကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်များက **'ပြည်မြန်မာ'**နှင့်**'ရာသက်ပန်ပြည်ထောင်စု'**တေးသီချင်းများဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိ လွိုင်ကော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သိန်းက ဆောင်ရွက်၍သဘာပတိ အဖွဲ့ဝင်များအဖြစ် လွိုင်ကော်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက် အတွင်းရေးမှူး ဒေါ်မြကျင်၊ လွိုင်ကော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ကြည်ခင်မေ၊ လွိုင်ကော် ခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးစိန်မင်းနှင့် လွိုင်ကော်မြို့နယ် ချိကယ်ကျေးရွာမှ ရပ်မိ ရပ်ဖ ဦးကိုရယ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် လွိုင်ကော် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မော်ဆူမြာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒီးမော့ဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဒေါရစ်မြတ်ဆုမွန်တို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာအခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် သဘာပတိ ကယားပြည်နယ် လွိုင်ကော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးသည် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးများ တစ်မြေတည်းနေ

စာမျက်နှာ ၅ ကော်လံ ၁

စာမျက်နှာ ၄ မှ

တစ်ရေတည်းသောက်၊ ဥမကွဲ သိုက်မပျက် ချစ်ကြည်ရင်းနှီးစွာနှင့် အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြသည် ချမ်းမြေ့သာယာလှပသော အိမ်ဂေဟာကြီးနှင့် တူကြောင်း၊ ရောင်စုံပန်းအလှများ ဖူးပွင့်ဝေဆာနေသည့် ပန်းဥယျာဉ်ကြီးတစ်ခုကဲ့သို့ တင်စားပြောဆိုနိုင်ကြောင်း၊ **"အရေးကြီးလျှင် သွေးနီးသည်"** ဆိုသည့်အတိုင်း တိုင်းရင်းသား သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမများသည် နိုင်ငံတော်အပေါ် ကျရောက်လာသော ရန်စွယ်ဟူသမျှ စည်းလုံးညီညွတ်စွာဖြင့် အသက်သွေးချွေးများစွာ ရင်းနှီးပြီး ရဲရဲဝံ့ဝံ့ တွန်းလှန်နိုင်ခဲ့ကြကြောင်း။

နေ့ထူးနေ့မြတ်

၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြေ၌ တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် စည်းလုံးညီညွတ်မှုကို အခိုင်အမာ ပြန်လည်တည်ဆောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်နိုင်ခဲ့ကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဟု သတ်မှတ်နိုင်ခဲ့ကြကြောင်း။

ယခုကဲ့သို့ လွတ်လပ်ရေးအတွက် စတင်သန္ဓေတည်ပေးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီ၄ရက်တွင် နှစ်ပေါင်း ၁၀၀ကျော်မျှ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရာမှ တိုင်းရင်းသားပေါင်းစုံတို့၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့် အချုပ်အခြာအာဏာ ပိုင်စိုးသည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ရပ်တည်နိုင်ခဲ့ကြောင်း။

ဂုဏ်ပြုကြိုဆို

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို မိမိတို့အားလုံးက ပြည်ထောင်စုစိတ်ဓာတ် အနှစ်သာရကိုအောက်မေ့ပြီး လေးလေးနက်နက် ဂုဏ်ပြုကြိုဆိုကြမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်ကြီးသုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အခြေခံကောင်းများဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရက နိုင်ငံတော်တာဝန်စတင်ယူချိန်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အထူးစီမံကိန်းများချမှတ်ပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်နိုင်ငံလုံး ဖွံ့ဖြိုးရေးဇုန်ကြီး၂၄ခု သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

စီမံကိန်းချမှတ်

နိုင်ငံတော် လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လမ်း၊ တံတား၊ စွမ်းအင်၊ ဆက်သွယ်ရေးစသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း၊ သစ်တော၊ သတ္တုစသော စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသ၏လိုအပ်ချက် ဖွံ့ဖြိုးမှုအလားအလာများနှင့်အညီ နိုင်ငံတော်အစိုးရက စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန်အတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ တည်ဆောက်ရာတွင် တံတားပေါင်း ၆၈ စင်းနှင့် နိုင်ငံတော်အတွင်း စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ပုဂ္ဂလိက လေကြောင်းလိုင်းသစ်များ တိုးချဲ့ခြင်း၊ သင်္ဘောအသစ်များ ဝယ်ယူဖြည့်ဆည်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းများကြောင့် ပို့ဆောင်ဆက်သွယ်ရေးတွင် ပိုမိုချောမွေ့လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆည်မြောင်းနှင့် တာတမံပေါင်း ၁၉၆ ခုကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံတစ်ဝန်းလုံး အခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ ကျောင်း ဖွင့်လှစ်နိုင်ပြီး နိုင်ငံသားတိုင်း ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးကို စီမံကိန်းချ ဆောင်ရွက်ပေးခဲ့ကြောင်း။

စေတနာပေါ်လွင်

ယခင်က တစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ် ၃၃ခုကနေ ယခုဆိုလျှင် ၁၅၆ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး မိမိတို့ခရိုင်အတွင်း လှိုင်ကော်တက္ကသိုလ်နှင့် နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များ တည်ရှိလာပြီဖြစ်ကြောင်း၊ ထိုသည်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ ကြီးပွားတိုးတက်ရေးကို ရှေးရှုထားသော စေတနာပေါ်လွင်ထင်ရှားကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးဝါဒကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှိကြသည့် မိမိတို့ တိုင်းရင်းသားပြည်သူအားလုံးက ထိုရလဒ်ကောင်းများကို ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေး ဖြစ်ကြောင်း။

အောင်မြင်စွာပြန်လည်ကျင်းပ

နိုင်ငံတော်အစိုးရသည်ဒီမိုကရေစီနိုင်ငံတော် တည်ထောင်နိုင်ရန်အတွက် ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုမူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် ၁၉၉၆ ခုနှစ်ကစပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားသော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရန်ဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေ ၁၇ရက်မှ ဇူလိုင် ၉ရက်အထိ အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ကြောင်း။

အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးအဆင့်လည်းဖြစ်သည့်အတွက် မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံကြပါမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် နိုင်ငံတော်ကြီး၏ အနာဂတ်ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူအားလုံးက လိုလားတောင့်တနေသည့် မူဝါဒလမ်းစဉ်လည်းဖြစ်ကြောင်း။



ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တစ်ဝန်းလုံး ပြည်နယ်နှင့်တိုင်းများတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကြိုဆိုထောက်ခံသည့် လူထုအစည်းအဝေးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးပြီး ၂၀၀၃ခုနှစ် စက်တင်ဘာ ၂၀ရက်မှ အောက်တိုဘာ ၁၉ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြပြီး ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် မန္တလေးတိုင်း ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံ စေတီတော် ခြေရင်းအားကစားကွင်း၌ မြန်မာနိုင်ငံတစ်ဝန်းလုံးက ပြည်သူလူထုကိုယ်စားလှယ်များ တက်ရောက်သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး လူထုအစည်းအဝေးပွဲကြီး ကျင်းပနိုင်ခဲ့ကြကြောင်း၊ အစည်းအဝေးကြီးများက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး၊ နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှု အပေါ် ဂုဏ်ပြုရေးနှင့် ပြည်ထောင်စု တိုင်းရင်းသားအပေါင်းက ဆက်လက်ထိန်းသိမ်း ကာကွယ်ရေးဆိုသော အဆိုနှစ်ရပ်ကို တစ်ခဲနက် တညီတညွတ်တည်း သဘောတူထောက်ခံခဲ့ကြကြောင်း။

နိဂုံးချုပ်အနေဖြင့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုရင်း ပြည်ထောင်စု တည်တံ့ခိုင်မြဲရန်အတွက် တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှုဖြင့် တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းကြပါစို့၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါစို့၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် ကြိုဆိုထောက်ခံကြပါစို့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ညိုကတင်ပြရာတွင် တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နေထိုင်သွားကြရန် တိုင်းရင်းသားခေါင်းဆောင်အားလုံး စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ခဲ့သည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်ကို ဂုဏ်ပြုပြီး မိမိတို့နိုင်ငံ၏ ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြကြောင်း။

တိုင်းရင်းသား ခေါင်းဆောင်များသည် တစ်သွေးတည်း တစ်သားတည်း ပေါင်းစပ်မိပြီး ပင်လုံညီလာခံကြီးတွင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်များကို အခိုင်အမာထူထောင်နိုင်ခဲ့ကြောင်း၊ ပင်လုံညီလာခံကြီးက ချမှတ်ပေးလိုက်သည့် ပြည်ထောင်စုမျိုးစေ့ကတစ်ဆင့် နိုင်ငံတော်၏လွတ်လပ်ရေးကို အရယူပေးနိုင်သည့်အတွက် သမိုင်းတွင် အလွန်အရေးပါခဲ့ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် မိမိတို့သည် လွတ်လပ်ရေးရခဲ့ပြီး သူ့ကျွန်ဘဝက လွတ်မြောက်ခဲ့ကြောင်း၊ အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့ပြီး လွတ်လပ်သော နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့်ရရှိလာခဲ့ကြောင်း။

ခေတ်အဆက်ဆက် နိုင်ငံကို ဦးဆောင်လာခဲ့ကြသည့် နိုင်ငံခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် အမြော်အမြင်ကြီးမားစွာဖြင့် နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ဂုဏ်ထူးဝိသေသပေါင်းများစွာဖြင့် ပြည့်စုံသည့် ပြည်ထောင်စုနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးခဲ့ကြကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသည် သမိုင်း၏ သင်ခန်းစာများရယူပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ခဲ့ကြောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည် ထောင်စုစိတ်ဓာတ်ထာဝရရှင်သန် ပြန့်ပွားရေးများကို အဓိကဦးတည်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာအောင်၊ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်စာနာမှု၊ အပြန်အလှန်သည်းခံခွင့်လွှတ်မှုများကို အခြေခံပြီး နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် မနားမနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လက်တွဲဆောင်ရွက်

အမျိုးသား ပြန်လည်စည်းလုံးရေးကို ရှေးရှုပြီး လက်နက်ကိုင်အဖွဲ့အစည်းများအား ဥပဒေဘောင်အတွင်း ရောက်ရှိရန် ဖိတ်ခေါ်ခဲ့သည့်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ဒေသအေးချမ်းတည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လက်တွဲဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးရေး ဆောင်ရွက်သည့်နေရာတွင် နယ်မြေလုံခြုံရေးကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သော နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လုပ်ငန်းစဉ် (၅)ရပ်ကိုချမှတ်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဖော်ဆောင်ပေးခဲ့၍ မျက်မှောက်ကာလတွင် မိမိတို့သည် ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်ကို ခံစားနေရပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုကြရမည်ဖြစ်ကြောင်း။

ယခုနှစ် ပြည်ထောင်စုနေ့ကို နိုင်ငံတော်အစိုးရက အနှစ်သာရနှင့်ပြည့်ဝသည့် ဦးတည်ချက်(၅)ရပ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း။

ဦးတည်ချက်များသည် နိုင်ငံရေးအနှစ်သာရများဖြင့် ပြည့်စုံနေကြောင်း၊ နိုင်ငံတော်အစိုးရသည် အနှစ်သာရရှိသည့် ဦးတည်ချက်များဖြင့် နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုနေ့ကြီးကို ကျင်းပပေးခြင်းဖြင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုရင့်သန်စေကြောင်း။

ကြိုးပမ်းတည်ဆောက်

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များကို ဖြစ်ပေါ်စေသည့်အတွက် တစည်းတလုံးတည်းသော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အားလုံးက ကြိုးပမ်းတည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ အစဉ်အလာကြီးမားသည့် ပြည်ထောင်စုနေ့ကို မိမိတို့ပြည်သူလူထု အစည်းအဝေးကြီးက အလွန်တန်ဖိုးထား ဂုဏ်ပြုပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ညေးမို့က တင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားလူမျိုးတစ်ရာကျော်တို့သည် အေးအတူပူအမျှ တစည်းတလုံးတည်း အတူတကွ နေထိုင်ခဲ့ကြကြောင်း၊ ဤသမိုင်းတွင် ကိုလိုနီနယ်ချဲ့လက်အောက် နှစ်ပေါင်း ၁၀၀ကျော် ကျရောက်ခဲ့ပြီး နိုင်ငံလွတ်လပ်ရေးရလာချိန်တွင် ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေနှင့် တစ်ဦးနှင့်တစ်ဦးအထင်လွဲမှား ပဋိပက္ခဖြစ်ခဲ့ကြသည့်အတွက် တိုင်းပြည်မတည်မငြိမ်ဖြစ်ခဲ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရကြောင်း။

ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အဓိကထား ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးတည်ဆောက်ပြီး တပ်မတော်အစိုးရက စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပီပြင်စွာအကောင်အထည်ဖော်ခဲ့ကြောင်း။

နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် ပထမဦးဆုံး လမ်းစဉ်ဖြစ်သကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ထူထောင်ရေးကို အဆုံးအဖြတ်ပေးမည့် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့် ၂၀၀၄ခုနှစ် မေ၁၇ရက်တွင် အောင်မြင်စွာပြန်လည်စတင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခေတ္တရပ်နားခဲ့ရာမှ ယခုဖေဖော်ဝါရီ၁၇ရက်တွင် ပြန်လည်ကျင်းပရန် သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏အသက်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ ပြည့်မြောက်စေရေးအတွက် ယနေ့တက်ရောက်လာသော ပြည်သူလူထုကြီးအပါအဝင် မိမိတို့နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အတွင်း ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူ၁၀၄ချက်နှင့် အသေးစိတ် အခြေခံရမည့်မူများကို သဘောတူ ချမှတ်နိုင်ခဲ့ကြပြီးဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်သစ် ပေါ်ပေါက်ရေးတွင် အဓိကကျလှသည့်အတွက် မိမိတို့မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရန် အမျိုးသားညီလာခံကြီးသည် အဓိကကျကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၁

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ အခြေအနေကောင်းများ ထာဝရဖြစ်ထွန်းနေရေး ဒို့တာဝန်အရေးသုံးပါးကို အသက်တမျှ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ် မိုင်းလီကျေးရွာ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် သိန္နီမြို့နယ် မိုင်းလီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလဆိုင်း၊ တွဲဖက်အတွင်းရေးမှူး ဦးစိုင်းထွန်းအေးနှင့် အလုပ်အမှုဆောင်များ၊ လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ သိန္နီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ တန့်ယန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ မိုင်းရယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူများ အင်အား ၂၆၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက် ၇နာရီမှစတင်၍ သိန္နီစစ်ကြောင်းနှင့် မိုင်းရယ်စစ်ကြောင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများသည် လားရှိုး-မူဆယ် လမ်းမကြီး မြောက်ဘက်၌ လည်းကောင်း၊ လားရှိုးစစ်ကြောင်းနှင့် တန့်ယန်းစစ်ကြောင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများသည် လားရှိုး-မူဆယ်လမ်းမကြီး တောင်ဘက်မှလည်းကောင်း ရှမ်းအိုးစည် အတီး အမှုတ်၊ အက အခုန်များဖြင့် တက်ကြွစွာ သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် လားရှိုးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလဆိုင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် သိန္နီမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းသန်းရီ၊ လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်နန်းသီ၊ သိန္နီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်အုန်း၊ မိုင်းလီကျေးရွာ ရပ်မိရပ်ဖ ဦးစိုင်းဘဌေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းစံတွမ်ခမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မိုင်းလီကျေးရွာ စည်းရုံးရေးမှူး ဒေါ်နန်းကျိန်ခမ်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

အသက်တမျှထိန်းသိမ်းကာကွယ်

ထို့နောက် သဘာပတိ လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလဆိုင်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်ကြီးသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ကျင့်သုံးနေကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးကို လွှမ်းခြုံထားသည့် ဝိသေသများဖြစ်ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများသည် အခြေအနေကောင်းများ ထာဝရဖြစ်ထွန်းတည်ရှိနေရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အသက်တမျှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ကာလသည် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာအောင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်း တည်ဆောက်နိုင်ရန် ပိုမိုကောင်းမွန်သည့် မြန်မာ့လူ့အဖွဲ့အစည်း ဖန်တီးနိုင်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်၏ အရေးကြီးဆုံးနှင့် ပထမလုပ်ငန်း ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း၊ ယခုလာမည့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်ကျင်းပတော့မည် ဖြစ်ကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်သည် တစ်မျိုးသားလုံး၊ တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်ကြမှသာ ရည်မှန်းချက်ပန်းတိုင်ကို ချောချော မောမော ရောက်ရှိမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေး အတွက် ပြည်ထောင်စု တစ်ဝန်းလုံးမှာရှိကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးက ကြိုဆိုထောက်ခံနေကြသကဲ့သို့ လားရှိုးခရိုင်အတွင်း ရှိကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၊ မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အားလုံးကလည်း လှိုက်လှိုက်လှဲလှဲ ပါဝင်ကြိုဆိုထောက်ခံခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြမည်ဟု ယုံကြည်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ဆိုသည့် စီမံကိန်းသုံးခုကို နိုင်ငံတော်ကချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေနှင့်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အသင်းဝင်များ၊ ပြည်သူအားလုံးက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုအားလုံးတက်ရောက်သည့် အထူးအစည်းအဝေးကြီးများက ကြိုဆိုထောက်ခံကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာကို ဖော်ညွှန်းပေးနေတာဖြစ်ကြောင်း၊ နိုင်ငံတော် တစ်ဝန်းလုံး အကြားအလပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့် သက်သေသာဓကများဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်ကို ဦးတည် ဖော်ညွှန်းပေးနေတာဖြစ်သလို ဒို့တာဝန်အရေးသုံးပါးကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လှိုက်လှိုက်လှဲလှဲကြိုဆို

ထို့ကြောင့် လားရှိုးခရိုင်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလုံးသည် ဒီကနေ့ကျင်းပသည့် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖော်ဆောင်ခြင်း ဆိုသည့် အနှစ်သာရ ရရှိသည့် ရည်ရွယ်ချက်ကောင်းများကို ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

တင့်တင့်တယ်တယ်ပေါ်ထွန်း

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို မိုင်းရယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းစိန်အောင်က တင်ပြရာ၌ လာမည့်ဖေဖော်ဝါရီလ၁၂ရက်သည် ပြည်ထောင်စုနေ့ဖြစ်ကြောင်း၊ ယနေ့ကနေ နောက်ကိုပြန်ပြောင်းကြည့်လျှင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၈နှစ် ဖေဖော်ဝါရီလ ၁၂ရက်က ရှမ်းပြည်နယ် ပင်လုံမြေတွင် တိုင်းရင်းသားခေါင်းဆောင်များစုဝေးပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ကြကြောင်း၊ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်အစိုးရတို့က တောင်တန်းပြည်မခွဲခြားပြီး လွတ်လပ်ရေးပေးမည်ဆိုသည့် အစီအစဉ်ကို လက်လျှော့ခဲ့ရကြောင်း၊ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်ပေါ်ထွန်း လာရခြင်းဖြစ်ကြောင်း။

တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကြောင့် ရရှိခဲ့သည့် လွတ်လပ်ရေးကြီးဆုံးရှုံးမသွားရအောင် ကိုလိုနီနယ်ချဲ့များ၏ ကျွန်သပေါက် ဘဝပြန်လည်ရောက်မသွားအောင် ထိန်းသိမ်းရမည့် တာဝန်၊ ကာကွယ်ရမည့်တာဝန်ရှိကြောင်း၊ ဘိုးဘွားများ၊ မျိုးချစ်တိုင်းရင်းသားများ အသက် သွေး ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပြီး ရယူပေးခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့မြေပုံပေါ်က ပျောက်ကွယ်မသွားအောင်၊ တိုးတက်ကြီးပွားလာအောင်၊ ဆက်လက် ကြိုးပမ်းရမည့်တာဝန်သည် သားသမီးမြေးမြစ်တို့တွင် တာဝန်ရှိကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် လွတ်လပ်ရေး မဆုံးရှုံးရအောင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ဦးထိပ်ပန်ဆင်ရမည့် မွေးရာပါတာဝန်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီး ပြိုကွဲသွားလျှင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲသွားလျှင်၊ အချုပ်အခြာအာဏာဆုံးရှုံးသွားလျှင် ကြုံတွေ့ရမည့် အန္တရာယ်နှင့် ဘေးဒုက္ခများကို စဉ်းတောင်မစဉ်းစားရဲကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာသူမှန်သမျှ ရန်သူဟု သတ်မှတ်ရမည်ဖြစ်ကြောင်း။

လားရှိုးခရိုင်အတွင်း လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု အောက်တွင် တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်ကြကြောင်း။

လားရှိုးခရိုင်ကို တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းကြပါစို့၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင်ကြပါစို့ဟု တပ်လှန့်နှိုးဆော်ရင်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကြီးကို ဂုဏ်ပြုပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ တန့်ယန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဒေါ်နန်းခင်မွှေးက တင်ပြရာ၌ နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာအောင်၊ စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းနိုင်အောင် လမ်းခင်းပုံဖော်ပေးလျက် ရှိကြောင်း၊ ပုံဖော်တည်ဆောက်ပေးသည့်နေရာတွင် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်တို့ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အဓိကအကျဆုံး၊ အရေးအကြီးဆုံးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ကြမည်

အမျိုးသားညီလာခံကြီးကို အဆိုးမြင်သည့် လူနည်းစုသည် နိုင်ငံတော်၏အကျိုးထက် မိမိပါတီ၊ မိမိအကျိုးကို ဦးစားပေးပြီး ညီလာခံကြီးပျက်စီးရာ ပျက်စီးကြောင်းအတွက် နှောင့်ယှက်ဟန့်တားမှုများ၊ ကြံစည် ပြောဆိုလုပ်ကိုင်မှုများ အဆက်မပြတ် ဆောင်ရွက်နေကြကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနှင့် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ ကာကွယ်ရေးအမြင် စသည့် အမြင်လေးမြင်နှင့်ပြည့်စုံအောင် ကြိုးစားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီး ချောမော အောင်မြင်စေရန် နိုင်ငံတော်၏ဦးဆောင်မှုနှင့် အမျိုးသားအင်အားစုကြီး ဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များသည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတွင် အထူးအရေးကြီးလှသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်ကြီးဖြစ်ကြောင်း သိမြင်နားလည်ပြီး နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အခမ်းအနားကို တက်ရောက်လာကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ကိုယ်စား၊ မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများ ကိုယ်စား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ ကိုယ်စား မကြာမီကျင်းပတော့မည့် အမျိုးသားညီလာခံကြီးအောင်မြင်ရေးကို ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို သိန္နီမြို့နယ် မိုင်းလီအုပ်စု ပန်ခမ်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး စိုင်းကိုစိန်က တင်ပြရာ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများကို အားလုံးသိအောင် ဂုဏ်ပြုပြောကြားလိုကြောင်း၊ နမ့်ခမ်းမြို့နယ်တွင် မဂ္ဂါဝပ် ၄၀၀ ထွက် ရွှေလီရေအားလျှပ်စစ်စက်ရုံကြီးကို တည်ဆောက်နေကြောင်း၊ ယခုဆိုလျှင် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးတော့မည် ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် စီမံကိန်းကြီးပြီးစီးပါတော့မည်ဖြစ်ကြောင်း၊ ပြီးစီးပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရှိသည့် ကျေးရွာများ၊ မြို့များအားလုံး လျှပ်စစ်မီး ထိန်ထိန်လင်းပါတော့မည်၊ အကြီးစား စက်မှုလုပ်ငန်းများနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့ လုပ်ကိုင်နိုင်တော့မည်ဖြစ်သည့် အတွက် ဒေသခံပြည်သူများ၏ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ကို ဝမ်းမြောက်ဝမ်းသာဖြင့် သတင်းကောင်းပါးလိုက်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တစ်ချိန်တုန်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် သံလွင်မြစ်ကို ဖြတ်ကူးသည့် ကွမ်းလုံကြိုးတံတား တစ်စင်းသာရှိခဲ့ကြောင်း၊ ယခုဆိုလျှင် တာကော်အက်ကြိုးတံတားကိုတည်ဆောက်ပြီးစီးခဲ့ကြောင်း၊ နမ့်တိန်ချောင်းကိုဖြတ်ကူးသည့် ကွမ်းလုံနှင့် ဟိုပန်ကို ဆက်သွယ်ပေးသည့် နမ့်တိန်တံတား၊ ချင်းရွှေဟော်နှင့် နမ့်တစ်ကို ဆက်သွယ်ပေးသည့် ညီနောင်တံတားများလည်း တည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံ တိုင်းရင်းသားပြည်သူများ သွားရေးလာရေး လွယ်ကူသည့် အကျိုးထူးကို ချက်ချင်းလက်ငင်း ခံစားနေရပြီဖြစ်ကြောင်း၊ ယခုထပ်မံပြီး သံလွင်မြစ်ကို ဖြတ်ကူးသည့် မုန်းစီး-တာပါးလမ်းပေါ်တွင် တာပါးကြိုးတံတားကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ ဒုဋ္ဌဝတီမြစ်ကူးတံတားကိုလည်း ထပ်မံတည်ဆောက်နေရာ မကြာမီပြီးစီးတော့မည် ဖြစ်ကြောင်း၊ တံတားများ ပြီးသွားပါက တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ သွားရေးလာရေး၊ စီးပွားရေး ပိုမိုလွယ်ကူအဆင်ပြေချောမွေ့သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လားရှိုးခရိုင်လည်း ဖွံ့ဖြိုးတိုးတက်လာပြီး လားရှိုးခရိုင်အတွင်းရှိသည့် ကျေးရွာများလည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ကျေးရွာအချင်းချင်း ဆက်သွယ်သည့် ကျောက်ချောလမ်း ၂၂ လမ်း၊ ကျေးရွာနှင့် မြို့ ဆက်သွယ်သည့်လမ်း နှစ်လမ်း သာမက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဆက်သွယ်သည့် လမ်းများ ကောင်းမွန်လာကြောင်း၊ လားရှိုး-မိုင်းယော်-မုန်းကျက်လမ်း၊ တန့်ယန်း-မိုင်းကောင်-မိုင်းရှူးလမ်း၊ မိုင်းရယ်-နမ့်လောင်း-ကျေးသီးလမ်း၊ သိန္နီ- နမ့်ဆလပ်-ကွမ်းလုံလမ်းများသည် ထင်ရှားသည့် သက်သေများ ဖြစ်ကြောင်း။

လားရှိုးခရိုင်အတွင်း စက်ရေတွင်းပေါင်း ၃၅ တွင်း တူးဖော်နိုင်ခဲ့သလို စိမ့်စမ်းရေသွယ်သည့်လုပ်ငန်း ၁၁ ခုကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် မကျီးကုန်းကျေးရွာ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈နာရီခွဲတွင် ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် မကျီးကုန်းကျေးရွာ၌ ကျင်းပရာ ရခိုင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ မောင်တောခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် တောင်ပြိုမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မောင်တောခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးထွန်းလှစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဘူးသီးတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျာ၊ မောင်တောခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မေသင်၊ ဘူးသီးတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်စောနုဖြူ၊ မောင်တောမြို့နယ် မကျီးကုန်းကျေးရွာ ရပ်မိရပ်ဖ ဦးဘဦးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မောင်တောခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြစောမွန်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် မောင်တောမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းလှိုင်တို့က ဆောင်ရွက်ကြသည်။

အလေးပြု

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ မောင်တောခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းလှစိန်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မောင်တောမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်နုနုရီကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ မောင်တောခရိုင် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်တာတာကလည်းကောင်း၊ မောင်တောခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဘူးသီးတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဘသောင်းက လည်းကောင်း တင်ပြကြသည်။

ယင်းနောက် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပံ့ပိုးငွေကျပ်ငါးသိန်းကို ပြည်နယ်အတွင်းရေးမှူးဦးဦးကျော်ရင်ကပေးအပ်ရာ ခရိုင်အသင်းအလုပ်အမှုဆောင် ဦးမောင်တင်ညွန့်က လက်ခံရယူပြီး မကျီးကုန်းကျေးရွာစာကြည့်တိုက်အတွက် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလှူဒါန်းသည့် စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ပြည်နယ်အသင်းအတွင်းရေးမှူး ဦးဦးကျော်ရင်က ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးမောင်တက်ထွန်းထံ ပေးအပ်လှူဒါန်းသည်။

ဂုဏ်ပြုသီဆို

ထို့နောက် မောင်တောခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်လှက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု၊ ဆောင်ရွက်ရန်လျာထားချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များကို ထောက်ခံဆွေးနွေးပြီး အသင်းဝင် ကျောင်းသားကျောင်းသူများက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံတင်ပြချက်များကို တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောတူညီကြောင်း ဆန္ဒပြုချက်အရ အခမ်းအနားက အတည်ပြုဆုံးဖြတ်ကြောင်းကြေညာ၍ အခမ်းအနားသို့ တက်ရောက်ကြသော ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကာ အခမ်းအနားကို နံနက် ၉နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

အခြေခံပညာကဏ္ဍတွင် အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း သုံးကျောင်း၊ မူလတန်းလွန်ကျောင်း ၄၅ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း။

တိုက်နယ်ဆေးရုံ ငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၅ ခုနှင့် ဆေးပေးခန်း ခုနစ်ခုတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ခရိုင်၏ အစွန်အဖျားအကျဆုံးဖြစ်သည့် လွယ်ပန်လုံဒေသတွင် မူလတန်းကျောင်း ငါးကျောင်း၊ ဆေးပေးခန်း ငါးခန်းကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

လူနေမှုမြင့်မား

ယခင်က လယ်တစ်ဧက စပါးတင်း ၅၀ လောက်သာထွက်ခဲ့ကြောင်း၊ အထူးအထွက်တိုး ဆင်းရှေ့လီစပ်မျိုးစပါး ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့သည့်အတွက် တစ်ဧကစပါးတင်း ၁၅၀ ကျော် ၂၀၀ နီးပါး ရပြီဖြစ်ကြောင်း၊ စပါးသာမက ပြောင်း၊ ပဲပုပ်၊ မြေပဲသီးနှံများ အထွက်တိုးလာသည့်အတွက် တောင်သူများ၏ ဝင်ငွေများလည်း တိုးလာကြောင်း၊ ဝမ်းဝ ခါးလှရုံမက လူနေမှုအဆင့်များလည်း မြင့်မားလာကြောင်း။

လားရှိုးခရိုင်အတွင်းတွင် ကျေးရွာ တော်တော်များများ၌ ရေအားလျှပ်စစ်မီးများသုံးနိုင်ကြောင်း၊ လားရှိုးမြို့နယ်တွင် နမ့်ပေါင်၊ သံလွင်ရွာများတွင် တစ်ရွာလုံးမီးလင်းရုံမက ဓာတ်အားများတောင်ပိုနေကြောင်း။

ယခုအခမ်းအနားကျင်းပနေသည့် မိုင်းလီကျေးရွာသည် ငယ်ငယ်တုန်းက ရွာသိမ်ရွာငယ်ကလေးသည် လျှပ်စစ်မီးလင်းရန်ဆိုသည့် အိပ်မက်ပင် မမက်ရဲခဲ့ကြောင်း၊ ယနေ့သန့်ရှင်းသပ်ရပ်လှပသည့် စံပြကျေးရွာဖြစ်နေပြီဖြစ်ကြောင်း၊ ရွာတွင်းလမ်းများအားလုံး ကျောက်ခင်းပြီးကြောင်း၊ စက်ရေတွင်းလည်း နှစ်တွင်းရှိပြီး သိန်း ၄၀၀ တန်သည့် အလယ်တန်းကျောင်းကြီးလည်း ဆောက်ပြီးဖြစ်ကြောင်း၊ သိန်း ၆၀တန်သည့် ကျေးလက်ကျန်းမာရေးဌာနလည်း တည်ဆောက်ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်း အုတ်ရေကန်တစ်ခု ဆောက်ပေးထားပြီး ငွေကျပ် ၆၅သိန်း အကုန်အကျခံပြီး ရေအားလျှပ်စစ်စက်ရုံတစ်ခု ဆောက်ပေးထားသည့်အတွက် ရွာဦးစေတီ၊ ဘုန်းတော်ကြီးကျောင်းအပါအဝင် အိမ်ပေါင်း ၂၀၀ ကျော် ညတိုင်း မီးထိန်ထိန်လင်းနေပြီ ဖြစ်ကြောင်း။

ဆွေးနွေးတင်ပြ

မိုင်းလီကျေးရွာအပါအဝင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်အစိုးရ၏ ကြီးမားသည့်အမြော်အမြင်နှင့် မေတ္တာ စေတနာများကြောင့်ဖြစ်သည်ကို မိမိတို့တိုင်းရင်းသားများက နားလည်ခံယူကြကြောင်း၊ အသင်းဝင်ထားသည့် ဒေသခံတိုင်းရင်းသားများ၊ ရွာသူရွာသားများနှင့် တစ်သွေးတည်း တစ်သားတည်းဖြစ်နေသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်ကြောင်း၊ လူမှုရေးအသင်းအဖွဲ့များအားလုံး၏ တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ဖြစ်ကြောင်း၊ ထို့ကြောင့် **'ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးကြပါစို့' 'ကိုယ့်ရွာကိုယ့်ဒေသတိုးတက်သည်ထက်တိုးတက်အောင် လက်တွဲမဖြုတ်စတမ်း ဆက်လက်ကြိုးပမ်းကြပါစို့'** ဟု တိုက်တွန်းဆွေးနွေးတင်ပြသွားသည်။

ကြိုဆိုထောက်ခံ

ဆက်လက်၍ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇင်ဟန်တန်ဂျီက ထောက်ခံပြောကြားရာတွင် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးတင်ပြထောက်ခံသွားခြင်းများကို ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ဆောင်ရွက်ပြီးစီးသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်ရာ လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းထွန်းအေးက အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းသုံးကျောင်းနှင့် တွဲဖက်အလယ်တန်းကျောင်း သုံးကျောင်း၊ ကျေးလက်မူလတန်းလွန်ကျောင်း ၄၅ကျောင်းတို့၏ ဆောက်လုပ်ပြီးစီးမှု မှတ်တမ်းများကို လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်စန်းစန်းမြင့်က လက်ခံရယူသည်။

ဆက်လက်ပြီး တိုက်နယ်ဆေးရုံ ငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၅ခုနှင့် ဆေးပေးခန်းခုနစ်ခု၏ ဆောက်လုပ်ပြီးစီးမှုမှတ်တမ်းများကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းလှိုင်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မိုင်းလီကျေးရွာအတွက် တည်ဆောက်ပေးခဲ့သည့် ငွေကျပ် ၆၅သိန်းတန်ဖိုးရှိသည့် ရေအားလျှပ်စစ်စက်ရုံနှင့် ငွေကျပ်ငါးသိန်းတန် သောက်သုံးရေကန်မှတ်တမ်းများကို မိုင်းလီရွာသစ်မှ ရပ်မိရပ်ဖဦးဂျဗိုလ်ရှီးက လက်ခံယူသည်။ ကျေးလက်ဒေသပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးမှုမှတ်တမ်းများကို ဦးစိုင်းထွန်းအေးက လွှဲပြောင်းပေးသည်။

ထို့နောက် လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော ကျေးလက်ဒေသစာကြည့်တိုက်များအတွက် စာအုပ်များကို ဦးစိုင်းကျော်မြင့်က ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အုန်းက လက်ခံယူသည်။

အစည်းအဝေးကြီးကအတည်ပြု

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက သဘောတူကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးကအလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးကစောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုဆိုထောက်ခံကြောင်းတို့ကို ဤပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက်လားရှိုးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက **'ပြည်မြန်မာ'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး အခမ်းအနားသို့ တက်ရောက်လာကြသောပြည်သူလူထုကြီးက တစ်ခဲနက်ကြွေးကြော်ကြကာ အခမ်းအနားကို နံနက်၉နာရီ ၄၅မိနစ်တွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ် မိုင်းလီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဓမ္မဒူတတရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ် ဘုရားကုန်းဓမ္မမဏ္ဍိုင်ကျောင်းတိုက်တွင် (၁၆)ကြိမ်မြောက်ဓမ္မာနုပဿနာခုနစ်ရက်တရားစခန်းပွဲကို ဓမ္မဒူတဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဖေဖော်ဝါရီ ၉ ရက်(ဗုဒ္ဓဟူးနေ့)ညမှစ၍ ၁၇ ရက် နံနက်အထိ ဓမ္မဒူတအရှင်အာစိက္ခဏာ (ဟသ်ာတ) ဆရာတော်က ညွှန်ကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲဝင်လိုသူယောဂီများသည် ဖေဖော်ဝါရီ ၉ရက်(ဗုဒ္ဓဟူးနေ့) ည ၆ နာရီထက် နောက်မကျစေဘဲ လာရောက်အားထုတ်နိုင်ကြကြောင်း သိရသည်။

(က-ပ)

သာသာယာယာ

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာသာယာယာ ရှိမည်။

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၆၀၁၅၅ ကျယ်ဝန်းသည်။ ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကိုးကန့်၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ လီဆူး၊ ဝ၊ အာခါနှင့် အင်းသား စသည့် တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ် တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၅၂၆၃၀၀၀ခန့်ရှိသဖြင့် ပျှမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၈၈ ဦးဖြစ်သည်။

ကုန်းပြင်မြင့်ဒေသတွင် တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပျှမ်းမျှ ပေ ၃၀၀၀ ခန့်မြင့်သော တောင်တန်းများသည် အများအားဖြင့် မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေကြသည်။ အချို့ တောင်တန်းများမှာ ပေ ၇၀၀၀ ကျော်အထိ မြင့်သည်။ တောင်တန်းများအကြားတွင် ဟဲဟိုး၊ သီပေါ၊ ကျိုင်းတုံ စသည့် ချိုင့်ဝှမ်းလွင်ပြင်များလည်းရှိသည်။ သံလွင်မြစ်သည် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေပြီး မြစ်လက်တက်များ ပေါများသည်။

၂၀၀၂ ခုနှစ် ဧပြီလအတွင်း ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို သွား ရောက်ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးသည့်ခရီးစဉ်တွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

> **"ရှမ်းပြည်နယ်တွင် ယခင်က သောင်းကျန်းသူ များပြားပြီး နယ်မြေ လုံခြုံတည်ငြိမ်အေးချမ်းမှု မရှိခဲ့ခြင်းကြောင့် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်တို့မှာ အလွန်ပင် ခေတ်နောက်ကျကျန်ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု မြန်မြန် ဆန်ဆန်ရရှိအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဤဒေသ၏ နယ်စပ်များသည် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် ဒေသများလည်းဖြစ်ရာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ၌ အိမ်နီးနားချင်း နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ဖို့ လိုအပ်ကြောင်း၊ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးစွမ်းအားများ ခိုင်မာတိုးတက်မှသာ ဒေသ၏အနာဂတ် တိုးတက်ကောင်းမွန်မှာ ဖြစ်ကြောင်း"**

ဖြင့် ပြည်ထောင်စုကြီး၏ အနာဂတ်အရေး မျှော်တွေးထောက်ရှု လမ်းညွှန်မှု ပြုခဲ့သည်။

တပ်မတော်သည် နိုင်ငံ့တာဝန်ယူနေရသည့် ကာလအတွင်းတွင် အေးအေးချမ်းချမ်း ညီညီညွတ်ညွတ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်တည်ဆောက်ကြရမည်ဟူသည့် စိတ်ရင်းစေတနာမှန်ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုကာ ပြည်နယ်နှင့်တိုင်း အသီးသီး၌ ဖွံ့ဖြိုးရေး အခြေခံ အဆောက်အအုံများကို တည်ဆောက်မြှင့်တင်ပေးခဲ့သည်။

နိုင်ငံအတွင်း ရာစုနှစ်တစ်ဝက်နီးပါးမျှ ခံစားခဲ့ရသည့် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းအောင် စိတ်ရှည်သည်းခံ စေတနာမှန်ဖြင့် ဆောင်ရွက်ခဲ့၍ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲမှုပယောဂအမှောင်ကိုခွင်းပြီး ငြိမ်းချမ်းရေးအလင်း ဆောင်ပေးနိုင်ခဲ့သည်။ ညီအစ်ကို မသိတသိကာလကို ချေဖျက်နိုင်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ တပ်မတော်အစိုးရနှင့် ညီရင်းအစ်ကိုမောင်ရင်းနှမ ပြန်ဆုံကြကာ အေးအတူ ပူအမျှ လက်တွဲခဲ့ကြသည်။

သီဟအောင်

တစ်သက်မခွဲ လက်တွဲထားကြပြီ၊ လက်တွဲမဖြုတ်စတမ်း အားထုတ်ကြိုးပမ်းခဲ့ကြသည်၊ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသည်။ ဤသို့သော ပြည်ရေးရွာမှု ကောင်းကျိုးစုလျက် တိုင်းကျိုးပြည်ပြု ကောင်းအောင်ပြုသည့် အကြောင်းတရား၏ အကျိုးဆက်များဖြင့် တစ်နေ့တစ်မျိုး အလှတိုးကာ ဖွံ့ဖြိုးဝေစည်နေသော ရှမ်းပြည်နယ်၏ ယခင်နှင့်ယခု နှိုင်းယှဉ်မှုကို မှတ်တမ်းပြုတင်ပြအပ်ပေသည်။

စိုက်ပျိုးရေး

စိုက်ပျိုးသီးနှံ အမယ်(အမည်)စုံသော်လည်း ရှမ်းပြည်နယ်၌ ယခင်က စပါးကို အားထားစိုက်ပျိုးမှု မပြုနိုင်ခဲ့ပေ။ နိုင်ငံတော်က လယ်ယာစီးပွားရေးအတွက် စပါးပိုလျှံရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်း သီးနှံများ တိုးမြှင့်စိုက်ပျိုးရေးဟူ၍ ရည်မှန်းချက် သုံး ရပ် ချမှတ်ဖော်ဆောင်ခဲ့သည်။

ပြည်နယ်၏ လယ်ယာကဏ္ဍ ပြောင်းလဲတိုးတက်ရေးအတွက် စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေးသယံဇာတများ တိုးပွားအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ ရပ်စောက်မြို့နယ်၌ ဇော်ဂျီဆည်နှင့် လားရှိုးမြို့နယ်၌ ဟူးမွန်ဆည်အသစ်များဖြစ်ထွန်းလာသည်။ ချောင်းမြောင်းတမံ ပိတ်ဆို့မှုလုပ်ငန်းများဖြင့်လည်း စိုက်ပျိုးရေရရှိရေး ပံ့ပိုးပေးသည်။ ဒေသနှင့် ကိုက်ညီသော စပ်မျိုးစပါးများ တီထွင်ကြံဆ အသုံးပြုရေး ကူညီအားပေးခဲ့သည်။

ဤသို့ဖြင့် ရှမ်းပြည်နယ်၌ မိုးစပါးစိုက်ပျိုးမှု မြင့်မားလာပြီး နွေစပါးစိုက်ပျိုးမှုလည်း ထွန်းကားလာသည်။ မိုးစပါးအထွက်နှုန်း တက်လာရုံမက နွေစပါးအထွက်နှုန်းမှာ ရာပြည့်ရာကျော်လုနီးပါး ရှိနေသည်။ စပါးစိုက်ပျိုးထုတ်လုပ်မှု နှစ်ဆကျော် တိုးလာသဖြင့် ဒေသဝမ်းစာ ဖူလုံလာခဲ့သည်။

လားရှိုးမြို့နယ်၌ ကောက်ကွေ့၊ ရွာငံမြို့နယ်၌ မြို့ကြီး၊ နမ့်စန်မြို့နယ်၌ ဝမ်ပုံဟူသည့် ဆည်တမံသုံးခု တည်ဆောက်နေဆဲဖြစ်ပြီး ကျိုင်းခမ်းရေလှောင်တမံ စီမံကိန်းနှင့် မြစ်ရေတင်စီမံကိန်းတစ်ခု ဆက်လက်ဖော်ဆောင်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်၏ အားပေးမြှင့်တင်မှုကြောင့် ရှမ်းပြည်နယ်၌ စပါးသာမက ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ဘက်စုံမြင့်မား တိုးတက်နေပုံကို အောက်ပါနှိုင်းယှဉ်ချက်ဇယားတွင် တွေ့ရှိနိုင်ပေသည်–

တစ်ဧကအထွက်နှုန်း–တင်း

စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧရိယာ	၂၃၁၄၂၄၃	၂၅၃၉၁၄၈	၂၂၄၉၀၅
– မြေလွတ်မြေရိုင်း	၆၂၉၂၂၈၅	၅၆၄၈၃၇၆	(–)၆၄၃၉၀၉
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– ဆည်၊ကန်၊တာတမံ၊ရေနုတ်	၁၈	၂၄	၆
– မြစ်ရေတင်လုပ်ငန်း	မရှိ	၁	၁
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၅၆၉	၅၆၉
– စုစုပေါင်းအကျိုးပြုဧက	၆၁၈၅၅	၂၄၂၂၂၂	၁၈၀၃၆၇
သီးထပ်ဧကဖြစ်ထွန်းမှု	၁၆၉၈၃၇	၄၆၁၇၄၅	၂၉၁၉၀၈
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၈၃၄၁၇၆	၁၁၉၇၀၇၇	၃၆၂၉၀၁
– တစ်ဧကအထွက်နှုန်း*	၄၉.၁၁	၆၇.၈၉	၁၈.၇၈
– နွေစပါးစိုက်ဧက	မရှိ	၇၀၇၃၇	၇၀၇၃၇
– တစ်ဧကအထွက်နှုန်း*	မရှိ	၉၉.၅၁	၉၉.၅၁
– စုစုပေါင်းထုတ်လုပ်မှု	၄၀၂၁၂	၈၇၇၉၃	၄၇၅၈၁
– ဒေသဝမ်းစာဖူလုံမှု	–	၁၁၂.၅	၁၁၂.၅
ပဲမျိုးစုံစိုက်ဧက	၅၄၉၁၉	၃၄၃၇၂၇	၂၈၈၈၀၈
ဝါစိုက်ဧက	၁၃၇၉	၂၅၈၄	၁၂၀၅
ကြံစိုက်ဧက	၁၆၆၅၉	၅၁၄၆၈	၃၄၈၀၉
အစေ့ထုတ်ပြောင်းစိုက်ဧက	၈၂၆၁၉	၂၈၈၆၆၉	၂၀၆၀၅၀
ပန်းဂျုံစိုက်ဧက	မရှိ	၁၀၄၀၆	၁၀၄၀၆
ရော်ဘာစိုက်ဧက	မရှိ	၉၄၈၆	၉၄၈၆
လက်ဖက်စိုက်ဧက	၁၃၇၀၂၁	၁၇၃၁၉၀	၃၆၁၆၉
ကော်ဖီစိုက်ဧက	၁၀၄၂၇	၁၄၄၂၆	၃၉၉၉
ဆီထွက်သီးနှံစိုက်ဧက			
– မြေပဲ	၆၈၃၈၅	၉၃၃၁၇	၂၄၉၃၂
– နှမ်း	၁၆၉၂၉	၃၂၅၈၀	၁၅၆၅၁
– နေကြာ	၁၁၃၁၅	၁၈၇၂၈	၇၄၁၃
– မုန်ညင်း	၅၁၂၅	၁၁၉၀၂	၆၇၇၇

မွေးမြူရေးနှင့်ရေလုပ်ငန်း

တိရစ္ဆာန်မွေးမြူရေး အခြေခံကောင်းရှိသော ရှမ်းပြည်နယ်တွင် နိုင်ငံတော်၏ ထပ်လောင်းအားပေးမှုကြောင့် ၁၉၈၈ ခုနှစ်ထက် နှစ်ဆခွဲမျှ တိုးတက်လာသည်။ ယခင်က အသားကဏ္ဍအတွက် တိရစ္ဆာန်ကောင်ရေ ၃၇ သိန်းကျော် မွေးမြူနိုင်ခဲ့ရာမှ ယခု ကောင်ရေ ၈၈သိန်းနီးပါး မွေးမြူ ထားသည်။ ကုန်းပြင်မြင့်ဒေသဖြစ်၍ ငါးမွေးမြူရေးလုပ်ငန်းလည်း အောင်မြင်တိုးတက်နေသည်။ ယခင်က ငါးမွေးမြူရေးကန် ၂၀၅ဒသမ၆၉ဧကသာ ရှိခဲ့သည်။ ယခု ရှစ်ဆမျှတိုးပြီး ငါးမွေးမြူရေးကန် ၁၈၄၂ ဒသမ၁၃ဧကအထိ ရှိလာသည်။ ယင်းသို့ တိုးချဲ့မွေးမြူနိုင်ရေးအတွက် ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှုကိုလည်း မြှင့်တင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က ငါးမျိုး ၆၇၈၀၀၀ သာ ဖြန့်ဖြူးပေးနိုင်သော်လည်း မျက်မှောက်ကာလ၌ ငါးမျိုး ၂၁ သိန်းနီးပါး ဖြန့်ဖြူးထားနိုင်သည်။

သစ်တောပြုစုပျိုးထောင်မှု

ရှမ်းပြည်နယ်စိုက်ပျိုးရေးစွမ်းအားနှင့် မွေးမြူရေးအင်အား မြင့်မားလာစေသကဲ့သို့ သစ်တောပြုစု ပျိုးထောင်မှုကိုလည်း ဟန်ချီညီတိုးတက်အောင် ဆောင်ရွက်ပေးထားသည်။ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍသုံးရပ် ကွင်းဆက် မပြတ်အောင် ဖော်ဆောင်ပေးနေသဖြင့် အစောင့်အရှောက်ခံတောနှင့် သဘာဝနယ်မြေဧရိယာ ပိုမိုကျယ်ပြန့်လာသည်။

အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလျက်ရှိသည်။ ၁၉၈၈ ခုနှစ်က လူထုလှုပ်ရှားမှုဖြင့် ပျိုးပင်ငါးသိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့သော်လည်း တပ်မတော်အစိုးရလက်ထက်၌ ပျိုးပင်ပေါင်း ၄၇ သန်းကျော်ကို တပျော်တပါး စိုက်ပျိုးထားပြီးဖြစ်သည်။ သစ်တောစိုက်ခင်း ထူထောင်မှု၌လည်း ထုထည်ပမာဏ ကျယ်ပြန့်မြင့်မားလျက် ရှိသည်။ အင်းလေးကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ရေဝေရေလဲ စိုက်ခင်း ဧကများစွာ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ သစ်ဆိမ့်ပင်စိုက်ခင်း စသည်ဖြင့် သစ်တောစိုက်ခင်းများ ၁၉၈၈ ခုနှစ်ကထက် တိုးတက်ဖြစ်ထွန်းနေသည်ကို အောက်ပါဇယားတွင် တွေ့ရှိရမည်–

*** စတုရန်းမိုင်**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၃၄၀၄	၁၀၁၇၄	၆၇၇၀
ကြိုးပြင်ကာကွယ်တော*	မရှိ	၄၆၃	၄၆၃
သဘာဝနယ်မြေဧရိယာ*	၃၀၀.၀၄	၄၇၅.၂၀	၁၇၅.၁၆
သစ်တောစိုက်ခင်းထူထောင်ခြင်း (ဧက)	**၉၉၆၂**	**၁၅၀၃၂၄**	**၁၄၀၃၆၂**
– စီးပွားရေးစိုက်ခင်းဧက	၂၂၈၀	၅၀၇၅၁	၄၈၄၇၁
– ကျေးရွာသုံးစိုက်ခင်းဧက	၃၄၈၁	၄၄၉၆၁	၄၁၄၈၀
– စက်မှုကုန်ကြမ်းစိုက်ခင်းဧက	၆၀၀	၁၂၁၅၅	၁၁၅၅၅
– ရေဝေရေလဲစိုက်ခင်းဧက	၃၆၀၁	၄၂၄၅၇	၃၈၈၅၆
သစ်ဆိမ့်ပင်စိုက်ခင်းဧက	**မရှိ**	**၃၅၅၀**	**၃၅၅၀**

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

ပြည်နယ်သူပြည်နယ်သားများ၏ စားရေးကို မကြောင့်ကြရအောင် ဖြည့်ဆည်းပေးခဲ့သည့်နည်းတူ ညီနောင် ပြည်နယ်၊ တိုင်းများနှင့် ဥဒဟိုကူးသန်းဆက်သွယ် သွားလာနိုင်ရေးနှင့် ပြည်နယ်အတွင်း တိုးလျှိုပေါက်တောက်လျှောက် ခရီးပေါက်နိုင်ရေးအတွက် ခရီးလမ်းအဖုံဖုံကို နည်းလမ်းအစုံစုံဖြင့် နိုင်ငံတော်က ပုံဖော်ပေးခဲ့သည်။

၁၉၈၈ ခုနှစ်ကာလအထိ ရှမ်းပြည်နယ်၏ ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် မန္တလေး–နောင်ချို–ကျောက်မဲ– လားရှိုးလမ်းကြောင်းနှင့် မိတ္ထီလာ–သာစည်–ရွှေညောင်လမ်းကြောင်းသာရှိသည်။ ရထားလမ်းနှင့် ကားလမ်း နှစ်သွယ်သာရှိပြီး ရထားလမ်းကိုအားထား၍ ကူးသန်းသွားလာ ရောင်းဝယ် ဖောက်ကားခဲ့ရသည်။

ယခင်ခေတ်များက ရှမ်းပြည်နယ်၏ ပထဝီဝင်ကို မှတ်တမ်းတင်လျှင် **"ပြည်နယ်ကကျယ်ပြီး တောင်အသွယ်သွယ်က ကွယ်နေသည်။ တိုင်းရင်းသား မျိုးနွယ်စုများပြီး မြစ်ချောင်းအများအပြားက ခြားထားသည်"**ဟုသာ ရေးသားကြမည် ဖြစ်သည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံသမိုင်းသစ်ကို ကမ္ပည်းတင်နေသော တပ်မတော်အစိုးရကမူ **"တောင်မကွယ်ပါ၊ လူကွယ်၍သာ ကွယ်နေပါ၏။ မြစ်မခြားပါ၊ လူခြား၍သာ ခြားနေပါ၏"**ဟု အမှန်ကိုရှုမြင် ကမ္ပည်းသစ်တင်မည်သာ ဖြစ်သည်။

ထို့ကြောင့်လည်း ကိုလိုနီနယ်ချဲ့သမားတို့၏ လူကွယ်လူခြား လုပ်နေမှုများကို ဖော်ထုတ်ဖယ်ရှားပစ်ခဲ့သည်။ အကျပ်အတည်း အခက်အခဲအားလုံးကို ကျော်ဖြတ်ခဲ့သည်။ ငြိမ်းချမ်းရေးလမ်းသစ်ဖောက်၍ မေတ္တာပေါင်းကူးတံတားသစ် ဆောက်ခဲ့သည်။

ဤသို့ဖြင့် မူလကရှိပြီးသား လမ်းမကြီးများ ပိုမိုကျယ်ပြန့် ကြံ့ခိုင်လာသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကို တိုက်ရိုက်ဆက်သွယ်ပေးသည့် သီပေါ–နမ့်လန်–ပန်ကေတုလမ်း၊ ရပ်စောက်–ကျောက်ကူ–နောင်ချိုလမ်းသစ်များ ပေါ်ထွန်းခဲ့သည်။ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်ကို တွယ်ဆက်ပေးသည့် ဟန်မြင့်မိုရ်–မြို့ကြီး–ရွာငံလမ်းနှင့် ပင်လောင်း–ပျဉ်းမနားလမ်းများ ဖြစ်ထွန်းလာသည်။ ပြည်နယ်အတွင်း မြို့ချင်းဆက်လမ်းများ အကြောင်း ဖော်ပြရလျှင် ဆုံးအံ့မထင်ပါ။

နိုင်ငံတော်၏ စေတနာထင်ရှား လမ်းတံတားများအကြောင်းကို ရှမ်းပြည်နယ်အနှံ့ ခရီးဆန့်ဖူးသူများနှင့် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်သူများ မျက်မြင်ကိုယ်တွေ့ ခံစားနေရပြီဖြစ်သည်။ ထင်သာမြင်သာအောင် ကိန်းဂဏန်းဖြင့် ဖော်ပြရပါလျှင် မျက်မှောက်ခေတ်၌ ရှမ်းပြည်နယ်အတွင်း ကတ္တရာလမ်း မိုင် ၃၉၀ အပါအဝင် ကားလမ်းမိုင် ၄၅၃မိုင် အသစ် ဖောက်လုပ်ပေးခဲ့သည်ဟု ဆိုရပါမည်။

လမ်းအရှည် တက်လာသည့်နည်းတူ တံတားအရေအတွက်လည်း များလာသည်။ ယခင်က ရှမ်းပြည်နယ်၌ သံလွင်မြစ်ကူးတံတားနှစ်စင်း ရှိခဲ့သည့် ကွမ်းလုံတံတား(၇၈၉ပေ) နှင့် တာကော်တံတား(ပေ၇၈၀) တို့ဖြစ်သည်။ နိုင်ငံတော်က အထူးစီမံကိန်းဝင် သံလွင်မြစ်ကူး တံတားကြီးနှစ်စင်း ထပ်မံ တည်ဆောက်ပေးခဲ့သည်။ တန့်ယန်းမြို့နယ်မှ သံလွင်တံတား (တာကော်အက်)နှင့် မိုင်းပန်မြို့နယ်မှ သံလွင်တံတား(တာဆန်း) တို့ ဖြစ်သည်။ ထို့အပြင် အထူးစီမံကိန်းဝင် တံတားကြီးများအဖြစ် နမ့်တိန်တံတား (ကွမ်းလုံမြို့နယ်)၊ မတ်လန်းတံတား(လဲချားမြို့နယ်)နှင့် လင်းခေးတံတား(လင်းခေးမြို့နယ်) တို့ကိုလည်း တည်ဆောက်ပေးထားသည်။

ရှမ်းပြည်နယ် အတွက် တည်ဆောက်ဆဲ တံတားကြီးလေးစင်းမှာ တာပါးတံတား(ကွတ်ခိုင်)၊ ဒုဋ္ဌဝတီတံတား (နောင်ချို)၊ ရွှေလီတံတား (နမ့်ခမ်း)နှင့် ဆားတောတံတား (မိုင်းကိုင်)တို့ ဖြစ်ကြသည်။ မိုးမိတ်မြို့နယ်တွင် ရွှေလီတံတား (မြစ်ဆုံ)ကိုလည်း ဆက်လက်တည်ဆောက်ပေးသွားဦးမည်ဖြစ်သည်။

တပ်မတော် အစိုးရလက်ထက်တွင် ရှမ်းပြည်နယ်၌ လမ်းတံတားအင်အား ပိုမိုမြင့်မားလာသည်သာမက ရထား လမ်းခရီး မိုင် ၃၀၀ကျော် ပိုမိုရှည်လျားလာသည်။ ယခင်က ရထားလမ်းခရီးမိုင် ၁၆၈ဒသမ ၂၅ သာ ရှိရာမှ ယခု နှစ်ဆနီးပါး ဆပွားတိုးတက်ခဲ့သည်။ အောင်ပန်း–ပင်လောင်း–လွိုင်ကော်ရထားလမ်းသစ် (၁၀၁ဒသမ၉၂မိုင်)၊ ရွှေညောင်–ရပ်စောက် ရထားလမ်းသစ် (၃၇ ဒသမ ၅၀မိုင်)နှင့် ရွှေညောင်–နမ့်စန် ရထားလမ်းသစ် (၁၆၅ဒသမ၀၆မိုင်) တို့သည် မျက်မှောက်ခေတ် ရှမ်းပြည်နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ စာတစ်စောင်ပေတစ်ဖွဲ့မှတ်တမ်းတင်ရမည့်မှတ်တိုင်သစ်များပင် ဖြစ်သည်။

နိုင်ငံတော်က ရှမ်းပြည်နယ်၏ လေကြောင်းပို့ဆောင်ရေး ကဏ္ဍကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။ ယခင် ဂျက်လေယာဉ် ဆင်းနိုင်သည့် ကွင်း လေးကွင်းသာရှိရာမှ ယခု အဆင့်မြှင့်တင်ပေးသဖြင့်ခြောက်ကွင်းအထိ ရှိလာသည်။ ရှမ်းပြည်နယ်၏ လမ်းခရီးပမာဏသည် ဤမျှနှင့်မပြီးသေးပါ။ လားရှိုး–မူဆယ်ရထားလမ်း၊ အာဆီယံလမ်းမကြီးများ၊ အာရှလမ်းမကြီးများ စသည်ဖြင့် ထပ်ခါထပ်ခါ တိုးပွားလာပါဦးမည်။

ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသား ပြည်သူတို့၏အကျိုးကို သည်ပိုးမြှင့်တင် ပေးနေသော တပ်မတော်အစိုးရ၏ စေတနာ ပမာဏသည် မိဘက သားသမီးအပေါ်ထား ရှိသော စေတနာပမာဏနှယ် အတိုင်းအဆမရှိ ကြီးမားကျယ်ပြန့်လှ ပါဘိဟု ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု

စာမျက်နှာ ၁၀ ကော်လံ ၁

၁၉၈၈ ခုနှစ်နောက်ပိုင်း

ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

လားရှိုးပြည်သူ့ဆေးရုံကြီး

ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် တည်ဆောက်ပေးထားသည့် ပြည်သူ့ဆေးရုံကြီး၏ သားဖွားမီးယပ်ဆောင်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပင်လုံတက္ကသိုလ်

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင် တည်ဆောက်ပေးထားသည့် ပင်လုံတက္ကသိုလ် အဆောက်အအုံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသမှ မိုင်းလားမြို့၏ ခမ်းနားထည်ဝါသော ဖွံ့ဖြိုးတိုးတက်မှု တစ်စိတ်တစ်ဒေသကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၈ မှ

အခြေပြဇယားက ပြဆိုနေပေလိမ့်မည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကားလမ်းတိုးချဲ့ဖောက်လုပ်မှု(မိုင်)	**၄၀၇၇/၀**	**၄၅၃၀/၀**	**၄၅၃/၀**
- ကတ္တရာလမ်းမိုင်	၁၄၅၉/၀	၁၈၄၈/၇	၃၈၉/၇
- ကျောက်ခင်းလမ်းမိုင်	၇၈၁/၀	၈၀၉/၃	၂၈/၃
- အမာခံလမ်းမိုင်	၇၀၀/၀	၈၅၇/၂	၁၅၇/၂
တံတားများတိုးချဲ့တည်ဆောက်မှု			
- ပေ(၁၈၀)အထက်တံတား	၂၄	၃၉	၁၅
- ပေ(၁၈၀)အောက်တံတား	၆၅၅	၉၆၇	၃၁၂
ရထားပို့ဆောင်ရေး			
- ရထားလမ်းခရီးမိုင်	၁၆၈.၂၅	၄၆၈.၇၂	၃၀၀.၄၇
- သံလမ်းမိုင်	၁၈၆.၅၅	၅၀၁.၆၃	၃၁၅.၀၈
- ခရီးသည်ဦးရေ	၁၄၉၅၉၀၀	၁၅၉၄၈၀၀	၉၈၉၀၀
- ခရီးသည်မိုင်	၈၄၂၀၅.၅	၈၆၄၉၉.၁	၂၂၉၃.၆
- ကုန်တန်ချိန်	၅၈၀၀၀	၇၂၃၀၀	၁၄၃၀၀
- ကုန်တန်မိုင်	၆၁၇၄.၅	၁၁၁၁၁.၁	၄၉၃၆.၆
- ဘူတာရုံ	၂၅	၉၅	၇၀
လေကြောင်းပို့ဆောင်ရေး			
- လေယာဉ်ကွင်းများ	၁၅	၁၅	-
- ပြေးလမ်းပေ(၅၀၀၀)အထက်	၄	၆	၂
- ပြေးလမ်းပေ(၅၀၀၀)အောက်	၁၁	၉	အဆင့်မြှင့်တင်

ဆက်သွယ်ရေး

မျက်မှောက်ခေတ်၌ ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးအင်အား သိသာထင်ရှားစွာဖြင့် မြင့်မားတိုးတက်နေသော ရှမ်းပြည်နယ်၏ ဆက်သွယ်ရေး စွမ်းအားကိုလည်း နိုင်ငံတော်က ဆပွားတိုးတက်အောင် ဆောင်ရွက်ပေးနေသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ထွန်းကားနေသော ယနေ့ခေတ်၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ပြည်နယ်နှင့်တိုင်း အသီးသီး၏ ဆက်သွယ်ရေးကဏ္ဍကို တိုးမြှင့်ထူထောင်ပေးနေသော နိုင်ငံတော်၏ အနာဂတ်အရေး မျှော်တွေးဆောင်ရွက်မှုကို အောက်ဖော်ပြပါ ရှမ်းပြည်နယ်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက အဓိပ္ပာယ်ဖွင့်ဆိုပေးနေသည်-

*(လူ၁၀၀၀လျှင်)

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၁၀၁	၁၅၃	၅၂
ကြေးနန်းရုံး	၃၁	၈၈	၅၇
ဖက်စ်စီမီလီ	၁	၁၁၅	၁၁၄
ကွန်ပျူတာကြေးနန်း	မရှိ	၁၄	၁၄
တယ်လီဖုန်းလုပ်ငန်း			
- တယ်လီဖုန်းရုံး	၂၇	၁၂၁	၉၄
- လိုင်းအင်အား	၃၀၇၅	၂၉၆၂၇	၂၆၅၅၂
- အိတ်ချိန်း	၂၇	၉၆	၆၉
- တိုက်ရိုက်လိုင်း	၂၈၇၁	၂၄၈၁၉	၂၁၉၄၈
- အော်တို/လက်သုံးတယ်လီဖုန်း	၂၈၇၁	၂၃၇၆၈	၂၀၈၉၇
- တယ်လီဖုန်းသိပ်သည်းဆ*	၀.၇၈	၄.၈၀	၄.၀၂
မိုက္ကရိုဝေ့ဖ်စခန်း	၂	၄၇	၄၅
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၂၅	၂၅
အီးမေးလ်၊အင်တာနက်	မရှိ	၆	၆
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
- DOMSAT	မရှိ	၁	၁
- VSAT	မရှိ	၅	၅
- iPSTAR	မရှိ	၄	၄

ဆောင်ရွက်ဆဲနယ်အော်တိုအိတ်ချိန်းစီမံကိန်း - ၁။ နမ့်စန်(တောင်) လိုင်းအင်အား(၅၀၀) ၂။ ကွန်ဟိန်းလိုင်းအင်အား(၄၀၀) ၃။ သိန်းနီ လိုင်းအင်အား (၅၀၀) ၄။ လားရှိုး(တိုးချဲ့) လိုင်းအင်အား (၅၀၀)

လျှပ်စစ်စွမ်းအား

ပြည်ထောင်စုကြီး၏ စီးပွားရေးစွမ်းအားကို မြှင့်တင်ရာ၌ လျှပ်စစ်စွမ်းအားသည် အဓိကကျသည့် ကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည်။ ရှမ်းပြည်နယ်တွင် ၁၉၈၈ ခုနှစ်က လျှပ်စစ်ဓာတ်အား ၂၄ မဂ္ဂါဝပ်ခန့်သာ သုံးစွဲခဲ့ရသည်။ တပ်မတော်အစိုးရလက်ထက်တွင် ယခင်ကထက် ကိုးဆပိုမိုသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။

ဟိုယခင်က ရှမ်းပြည်နယ်တစ်ခုလုံးတွင် နမ့်ခမ်း(၀ဒသမ၃မဂ္ဂါဝပ်) နှင့် မူဆယ်(၀ဒသမ၁၉၂)မဂ္ဂါဝပ်ဟူသည့် အသေးစား ရေအားလျှပ်စစ် စက်ရုံနှစ်ရုံ၊ ၁ဒသမ၂မဂ္ဂဝပ် ထုတ်လုပ်ပေးနိုင်သည့် တပ်ကြီး(အလတ်စား) ရေအားလျှပ်စစ် စက်ရုံတစ်ရုံ စုစုပေါင်းသုံးရုံသာ ရှိခဲ့သည်။ မျက်မှောက်ကာလတွင် ရှမ်းပြည်နယ်တစ်ခွင်၌ နမ့်မျှော်၊ နမ်းဆောင်ငေါင်း၊ ပါကျက်ဟော်၊ နမ့်ဆောင်ချောင်း၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ နမ့်ရှမ်ချောင်း၊ နမ့်ထုတ်၊ မယ်ပန်၊ မိုင်းလား၊ နမ့်လပ်၊ စီလူးဟူ၍ အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံ ၁၂ ရုံ ထပ်မံတိုးတက် ဖြစ်ထွန်းလာသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ထုတ်ယူရရှိနိုင်မည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၌ ၅၄ မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်မည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကြီး နှစ်ခုကို အကောင်အထည်ဖော်ပေးနေဆဲ ဖြစ်သည်။ ဆက်လက်၍ ရေအား လျှပ်စစ် စီမံကိန်းကြီးတစ်ခုကို အကောင်အထည်ဖော်သွားရန် စီမံဆောင်ရွက်နေကြောင်း သတင်းကောင်းပါးလိုသည်။ သံလွင်မြစ်၏စွမ်းအားကို အသုံးချ၍ ပြည်ထောင်စုကြီး ထွန်းကားအောင် နိုင်ငံတော်က စွမ်းဆောင်ပေးမည့် မဟာ ရေအား လျှပ်စစ်စီမံကိန်းကြီးဖြစ်သည်။ တာဆန်း(သံလွင်) အမည်တွင်မည့် အဆိုပါ မဟာရေအားလျှပ်စစ် စီမံကိန်းကြီးမှ ထုတ်ယူရရှိမည့် လျှပ်စစ်ဓာတ်အား ပမာဏမှာ ၇၁၁၀ မဂ္ဂါဝပ် ဖြစ်ပေသည်။

ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသား မိသားစုများ၏အကျိုးကို စိုက်ပျိုးရေး အခြေခံမှ စတင်သည်ပိုးကာ တောင်တွေ့လျှင်လမ်းဖောက်၊ မြစ်တွေ့လျှင် တံတားဆောက်၍ ဖြတ်သန်းကျော်လွှားပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စက်မှုနိုင်ငံ အဖြစ်သို့ တက်လှမ်းမြှင့်တင်ပေးနေသဖြင့် နိုင်ငံတော်၏ အနာဂတ်လမ်းခရီး ထိန်ထိန်ငြီးလျက် ရှိနေပြီဖြစ်သည်ကို အောက်ဖော်ပြပါ ရှမ်းပြည်နယ်၏ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက မီးမောင်းထိုးပြနေပေသည်-

ဓာတ်အားသုံးစွဲမှု-ယူနစ်(သန်း) *မဂ္ဂါဝပ်

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၂၄.၂၈၅	၁၈၆.၃၇၂	၁၆၂.၀၈၇
အမြင့်ဆုံးဝန်အား*	၅.၃၁၀	၄၆.၇၂၀	၄၁.၄၁၀
လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
- တည်ဆောက်ပြီးရေအားလျှပ်စစ် စက်ရုံ	၃	၁၅	၁၂
- အကြီးစား(၁၀မဂ္ဂါဝပ်အထက်)	မရှိ	၂	၂
- အလတ်စား(၁-၁၀မဂ္ဂါဝပ်)	၁	၅	၄
- အသေးစား(၁မဂ္ဂါဝပ်အထိ)	၂	၈	၆
- တည်ဆောက်ဆဲစီမံကိန်းများ	မရှိ	၂	၂
- အကြီးစား(၁၀မဂ္ဂါဝပ်အထက်)	မရှိ	၂	၂
- ကျောက်မီးသွေးသုံးစက်ရုံ	မရှိ	၁	၁
- ဒီဇယ်ဆီသုံးစက်ရုံ	၁၁၁	၁၇၃	၆၂
လက်ရှိစက်တပ်ဆင်အင်အား	၁၂.၄၀၄	၂၃၃.၉၅၇	၂၂၁.၅၅၃
ရှိလာမည့်စက်တပ်ဆင်အင်အား	၁၂.၄၀၄	၆၈၇.၉၅၇	၆၇၅.၅၅၃

*** တည်ဆောက်မည့် မဟာရေအားလျှပ်စစ်စီမံကိန်းကြီး**

တာဆန်း(သံလွင်) ၇၁၁၀ မဂ္ဂါဝပ် (အကြီးစား)

စက်မှုလက်မှု

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်ရာတွင် အခြေခံကျသော စိုက်ပျိုးရေးလုပ်ငန်းမှ အရင်းအနှီးရှာပြီး စက်မှုလုပ်ငန်းတွင် အချိုးကျကျ ရင်းနှီးမြှုပ်နှံလျက် စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်း ကူးပြောင်းနိုင်ရေး နိုင်ငံတော်က ရှေးရှုဖော်ဆောင်ပေးနေသည်။ စက်မှုကဏ္ဍတွင် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ မထုတ်လုပ်နိုင်သည့် စက်မှုလုပ်ငန်းများကို လုပ်ဆောင်ပြီး ကျန်စက်မှုလက်မှု လုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍက တိုးမြှင့်ဆောင်ရွက် လာနိုင်စေရန် စီမံအားပေးလျက်ရှိသည်။

ဤသို့ဖြင့် စက်မှုအခြေခံရှိသော ရှမ်းပြည်နယ်၌ တောင်ကြီး (အေးသာယာ)စက်မှုဇုန် ပေါ်ထွန်းလာခဲ့သည်။ တောင်ကြီး(အေးသာယာ) စက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၆၇၀ရှိပြီး ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၆၃၇ဒသမ၅၉သန်း ရှိကာ ကုန်ထုတ်လုပ်မှုတန်ဖိုးငွေကျပ် ၁၁၁၂ဒသမ၀၃အထိ ရှိနေသည်။ နိုင်ငံတော်၏ဖြည့်ဆည်းအားပေးမှုဖြင့် တောင်ကြီး (အေးသာယာ) စက်မှုဇုန်သည် မန္တလေးနှင့် မုံရွာစက်မှုဇုန်များနှင့်အတူ ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံဖိအလုပ်ရုံ အဆင့်သို့ တက်လှမ်းထူထောင်နေသည်။

ရှမ်းပြည်နယ်၏ စက်မှုလက်မှုကဏ္ဍ ၁၉၈၈ခုနှစ် ကာလကထက် သာလွန်ထက်မြက်အဆင့်ဆင့်တက်လှမ်းနေပုံကို အောက်ပါဇယားတွင် တွေ့ရမည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စက်မှုစွမ်းအားမြှင့်တင်ခြင်း			
- စက်မှုဇုန်(တောင်ကြီး၊အေးသာယာ)	**မရှိ**	**၁**	**၁**
- လုပ်ငန်းပေါင်း	မရှိ	၆၇၀	၆၇၀
- ပုဂ္ဂလိကစက်ရုံ	၈၄၆	၃၄၃၉	၂၅၉၃
- အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း	-	၃၅	၃၅
နိုင်ငံပိုင်စက်ရုံများ	၂၂	၄၂	၂၀

သတ္တုနှင့်တွင်းထွက်သယံဇာတ

ရှမ်းပြည်နယ်၌ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ကျောက်မျက်ရတနာ မြေနှင့် သတ္တုတွင်းလုပ်ကွက်စခန်းများ တိုးချဲ့ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ကျောက်မျက်ကရက်ထောင်ပေါင်း ၃၆၃၃၀ ထုတ်ယူနိုင်ခဲ့သည်။ ရွှေကြမ်း ၂၄၄ဒသမ ၅၆ ထရိုင်အောင်စ ထုတ်ယူရရှိခဲ့သည်။

ကျောက်မီးသွေး ၁၄၃၀၆၇ မက်ထရစ်တန်၊ ဂေါ်ဒန် ၇၆၁၉၆ မက်ထရစ်တန်၊ စက်မှုသုံးထုံးကျောက် မက်ထရစ်တန် ၃၀၄၀၊ အလှဆင်ထုံးကျောက် ၄၀၃ မက်ထရစ်တန်၊ ခဲ-သွပ်သတ္တုရိုင်း ၇၅၆ မက်ထရစ်တန်၊ သွပ်သတ္တုရိုင်း ၁၃၄၈ ဒသမ ၆ မက်ထရစ်တန်၊ ငွေစင် ၁၀၇၇၄၃ အောင်စ၊ ခဲစင် ၁၈၇၅ မက်ထရစ်တန်၊ ခဲသတ္တုသန့်စင် ၄၂၄၇ မက်ထရစ်တန်၊ ဘရိုက်တီးကျောက် ၂၂၁၀ မက်ထရစ်တန် စသည်ဖြင့် ထုတ်ယူရရှိခဲ့သည်အထိ တိုးတက်အောင်မြင်နေသည်။

ပညာရေး

ပညာခေတ်၏ စိန်ခေါ်မှုများကို အောင်မြင်စွာကျော်လွှားပြီး ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲကာ တိုင်းရင်းသားလူမျိုးများအားလုံး တည်တည်ငြိမ်ငြိမ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် ရှမ်းပြည်နယ်၏ ပညာရေးကဏ္ဍကိုလည်း တိုးမြှင့်ဖော်ဆောင်ပေးနေသည်။ ပထဝီအနေအထားနှင့် လူဦးရေ အချိုးအစားအရ ရှမ်းပြည်နယ်၌ အခြေခံပညာ ကျောင်းအင်အား ၁၁၈၄ ကျောင်း၊ ဆရာဆရာမဦးရေ ၁၁၆၅၇ အထိ တိုးတက်လာသည်။ အခြေခံပညာ ကျောင်းသူ ကျောင်းသား နှစ်ဆနီးပါးမျှ တိုးပွားလာပြီး ၆၆၁၇၂၆ ဦး ပညာဆည်းပူးနေကြသည်။

နိုင်ငံတော်က ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှစ်ခု၊ ဒီဂရီကောလိပ်တစ်ခုနှင့် ပညာရေးကောလိပ်တစ်ခု တိုးမြှင့်တည်ဆောက် ပေးခဲ့သဖြင့် ဒေသတွင်း၌ပင် အဆင့်မြင့်ပညာသင်ယူသူ ၂၄၂၃၀၊ ဆရာအတတ်သင်ပညာသင်ယူသူ ၂၄၃၈ ဦးအထိ ရှိလာသည်။ ယခင်နှင့်မတူ တစ်မူထူးခြားစွာဖြင့် သူငယ်တန်း ကျောင်းဝင်နှုန်း ၉၅ဒသမ၅ရာခိုင်နှုန်းအထိ အားကောင်း လာခဲ့သော ရှမ်းပြည်နယ်၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများကို အောက်ပါဇယားက ဖော်ပြနေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
- ကျောင်းအင်အား	၃၄၉၂	၄၆၇၆	၁၁၈၄
- မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၁၅၀	၁၅၀
- e-Learning Centre	မရှိ	၇၉	၇၉
- ဆရာ၊ဆရာမဦးရေ	၁၁၃၉၉	၂၃၀၅၆	၁၁၆၅၇
- ကျောင်းသားဦးရေ	၃၄၇၈၇၈	၆၆၁၇၂၆	၃၁၃၈၄၈
- သူငယ်တန်းကျောင်းဝင်နှုန်း	၆၆.၆၁%	၉၅.၅%	၂၈.၈၉%
- သက်ကြီးစာတတ်မြောက်မှုနှုန်း	၄၇.၃၄%	၈၈.၃၀%	၄၀.၉၆%
- ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
- မူလတန်းအဆင့်	၄၄.၅၈%	၁၇.၉၇%	(-)၂၆.၆၁%
- အလယ်တန်းအဆင့်	၄၂.၂၇%	၁၂.၃၅%	(-)၂၉.၉၂%
အဆင့်မြင့်ပညာမြှင့်တင်မှု			
- ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၂	၂
- ဒီဂရီကောလိပ်	၁	၂	၁
- ပညာရေးကောလိပ်	၁	၁	-
- e-Learning Centre	မရှိ	၈၃	၈၃
- သင်ကြားရေးအစီအစဉ်များ	၁၆	၈၈	၇၂
- ဆရာ၊ဆရာမဦးရေ	၁၇၀	၆၃၆	၄၆၆
- ကျောင်းသားဦးရေ	၂၉၈၃	၂၄၂၃၀	၂၁၂၄၇
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	**မရှိ**	**၄**	**၄**

သိပ္ပံနှင့်နည်းပညာ

ရှမ်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး တိုးမြှင့်ဆောင်ရွက်ပေးရာတွင် သိပ္ပံနှင့်နည်းပညာကဏ္ဍ မြှင့်တင်ပေးမှုလည်း ပါဝင်သည်။ ရှမ်းပြည်နယ်၏ အကျယ်အဝန်းအရ ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်စေရေးအတွက် နိုင်ငံတော်က ဖွံ့ဖြိုးရေးဒေသကြီးလေးခုကို တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပင်လုံဒေသဟူ၍ သတ်မှတ်ဖော်ဆောင် ပေးလျက်ရှိသည်။ အဆိုပါ ဒေသလေးခု၌ အစိုးရနည်းပညာကောလိပ်တစ်ခုစီနှင့် အစိုးရကွန်ပျူတာ ကောလိပ်တစ်ခုစီ ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ်၏ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အောက်ပါအတိုင်း ဆောင်ရွက်ပေးနေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
နည်းပညာကောလိပ်များ	**မရှိ**	**၄**	**၄**
- အစိုးရနည်းပညာကောလိပ် (အေးသာယာ)	မရှိ	၁	၁
- သင်တန်းအရေအတွက်	၃	၉	၆
- အစိုးရနည်းပညာကောလိပ် (ကျိုင်းတုံ)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၄	၄
- အစိုးရနည်းပညာကောလိပ် (ပင်လုံ)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၄	၄
- အစိုးရနည်းပညာကောလိပ် (လားရှိုး)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၄	၄
- ဆရာ၊ဆရာမဦးရေ	၅၀	၃၂၅	၂၇၅
- ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၂၁၂၆	၅၅၅၈	၃၄၃၂
- ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၂၀၉၂	၂၀၉၂

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကွန်ပျူတာကောလိပ်များ	**မရှိ**	**၄**	**၄**
- အစိုးရကွန်ပျူတာကောလိပ် (တောင်ကြီး)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၃၀	၃၀
- အစိုးရကွန်ပျူတာကောလိပ် (ကျိုင်းတုံ)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၄	၄
- အစိုးရကွန်ပျူတာကောလိပ် (လားရှိုး)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၄	၄
- အစိုးရကွန်ပျူတာကောလိပ် (ပင်လုံ)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၄	၄
- ဆရာ၊ဆရာမဦးရေ	မရှိ	၈၆	၈၆
- ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၄၀၆	၄၀၆
- ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၀၆၅	၁၀၆၅
စက်မှုလက်မှုအထက(တောင်ကြီး)	မရှိ	၁	၁

ကျန်းမာရေး

နိုင်ငံတော်က တိုင်းရင်းသားပြည်သူအားလုံး ရောဂါဘယကင်းရှင်းရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် လူ့မျှော်မှန်းသက်တမ်းမြင့်တက်ရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ရှမ်းပြည်နယ် တစ်ခွင်လုံးသို့ လွှမ်းခြုံရောက်ရှိနေသည်။ ရှမ်းပြည်နယ်၏ ကျန်းမာရေးကဏ္ဍကို ၁၉၈၈ ခုနှစ်ကထက် ပိုမိုမြင့်တက်အောင် နိုင်ငံတော်က အောက်ပါအတိုင်း မြှင့်တင်ပေးနေကြောင်း တွေ့ရှိနိုင်သည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၈၇	၁၃၆	၄၉
- အထူးကုဆေးရုံ	၁	၁	-
- ခုတင်(၂၀၀)	၃	၄	၁
- ခုတင်(၁၅၀)	၁	၂	၁
- ခုတင်(၁၀၀)	၅	၄	အဆင့်တိုးမြှင့်
- ခုတင်(၅၀)	၂	၈	၆
- ခုတင်(၂၅)	၈	၂၇	၁၉
- (၁၆)ခုတင်	၃၅	၁၅	အဆင့်တိုးမြှင့်
- တိုက်နယ်ဆေးရုံ	၃၂	၇၅	၄၃
ကျန်းမာရေးဌာနများ	၁၇၄	၂၁၀	၃၆
- ကျေးလက်ကျန်းမာရေးဌာန	၁၁၄	၁၄၉	၃၅
ကျန်းမာရေးဝန်ထမ်းများ	၁၈၅၀	၃၈၂၄	၁၉၇၄
- ဆရာဝန်	၃၁၃	၇၅၆	၄၄၃
- သူနာပြု	၅၅၆	၁၃၈၇	၈၃၁
- ကျန်းမာရေးဆရာမ	၁၃၆	၁၇၂	၃၆
- သားဖွားဆရာမ	၆၇၈	၉၅၃	၂၇၅
- ကျွမ်းကျင်ဝန်ထမ်း	၂၂	၄၉	၂၇
- မြို့နယ်ကျန်းမာရေးမှူး	မရှိ	၁၄	၁၄
- လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၅၀	၅၀
- လက်ထောက်ကျန်းမာရေးမှူး	၉၁	၁၄၁	၅၀
- ကြီးကြပ်(၁)/(၂)	၅၄	၃၀၂	၂၄၈
တိုင်းရင်းဆေး			
- တိုင်းရင်းဆေးရုံ	မရှိ	၁	၁
- တိုင်းရင်းဆေးပေးခန်း	၆	၂၃	၁၇
သင်တန်းကျောင်းများ	၂	၄	၂
- သူနာပြုသင်တန်းကျောင်း	၁	၃	၂
- သားဖွားသင်တန်းကျောင်း	၁	၁	-

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

ကဏ္ဍစုံအဘက်ဘက်၌ ပိုမိုဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ်၏ မြို့ရွာစည်ပင်ဖွံ့ဖြိုးမှုကလည်း ယခင်ကထက် သွက်လက်ချောမွေ့လာသည်။ ယခင် မြို့ပြလမ်း မိုင် ၄၀၀ ရှိရာမှ ယခု ၂၉၂ မိုင်တိုးပြီး ၆၉၂ မိုင် ဖြစ်လာသည်။ ကတ္တရာလမ်း ၂၆၁ မိုင်ရှိသည်။ မြို့ပြတံတားပေါင်း ၁၅၈၇ စင်း ရှိနေသည်။ မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်ရန် ၅၃ မြို့ရှိသည့်အနက် မြို့ ၃၀ တွင် လုပ်ငန်းများ ဆောင်ရွက်ပေးထားသည်။ ကျေးလက်လမ်းဟူ၍ ယခင်က ၉၃မိုင်ကျော်သာ ရှိခဲ့သည်။ ယခု ကတ္တရာလမ်း ၁၅၉ မိုင်အပါအဝင် စုစုပေါင်း ၃၈၂၃ မိုင်အထိ အဆ ၄၀ကျော်တိုးတက်နေသည်။ ကျေးလက် တံတား ၈၉၆ စင်း ဖြစ်ထွန်းလာသည်။ ကျေးလက်ရေရရှိရေး ဆောင်ရွက်ပေးရန် ရွာပေါင်း ၂၇၈၀ရှိသည့်အနက် ကျေးရွာပေါင်း ၉၁၈ ရွာတွင် လုပ်ငန်းပေါင်း ၁၃၄၁ ခု ဖော်ဆောင်ပေးနိုင်ခဲ့သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးကဏ္ဍ

ရှမ်းပြည်နယ်သည် ယခင်ခေတ်အဆက်ဆက်၏ ဒဏ်ရာဒဏ်ချက်များကြောင့် ကျုံလှီဖျော့တော့ အားပျော့နေခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် အားကောင်းမောင်းသန်ဖြင့် သန်မာထွားကျိုင်းလာသည်။ အိမ်နီးချင်း နယ်စပ်ဒေသများနှင့် ပခုံးချင်းယှဉ် ရင်ပေါင်တန်းနိုင်သည်အထိ ကြံ့ခိုင်ဖွံ့ဖြိုး တိုးတက်နေသည်။

ယင်းသည် တပ်မတော်နှင့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ ကျောချင်းကပ် ရင်ချင်းအပ်လျက် ပြည်ပ ပယောဂ မပူးကပ်အောင် ဆောင်ရွက် နိုင်မှု ရလဒ်ဟုဆိုရမည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းကြီးကို ရှမ်းပြည်နယ်၏ ငြိမ်းချမ်းသောဒေသများ၌ စတင်အခြေချနိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုအကျိုးကို ထာဝစဉ်ရှေးရှုသယ်ပိုးနေသော တပ်မတော် အစိုးရနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လိုလားနေသော တိုင်းရင်းသား ခေါင်းဆောင်များ လမ်းကြောင်းမှန်ပေါ်တွင် အတူလျှောက်လှမ်းနိုင်မိချိန်မှ စ၍ ရှမ်းပြည်နယ်၌ နယ်စပ်ဖွံ့ဖြိုးရေးဒေသ ၁၀ခု ဖြစ်တည်မှု ပြုခဲ့သည်။ ထိုနယ်စပ်ဒေသ ၁၀ ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပူးပေါင်းဆောင်ရွက်မှု စွမ်းအား မြင့်မားလှသဖြင့် အတွင်းပိုင်းဒေသမှ မြို့ပြများထက်ပင် ထိုးထွက် လာသည်။

ငြိမ်းချမ်းရေးချိုးငှက်ကလေး သစ္စာတောင်ပံခတ်၍ တေးသီသွယ်ကုံး နိုင်ချိန်တွင် မေတ္တာရောင်ပြန်ဟပ်လျက် ဆေးပန်းချီခြယ်မှုန်းနိုင်ခဲ့သည်ဟု ကဗျာဆန်ဆန် တင်စားဖော်ပြလိုပါသည်။ မေတ္တာဟူသည် အလျားအနံမရှိ သော်လည်း အသွားအပြန်ရှိ၏ဟူသော စကားဥပမာကဲ့သို့ပင် ရှမ်းပြည်နယ်၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားတွင် ဖော်ပြပါရှိသည့် ကိန်းဂဏန်းများသည် တပ်မတော်အစိုးရ၏ မေတ္တာအသချေ စေတနာအနန္တကြောင့် အတိုင်းအဆမရှိ ဆက်၍ဆက်ကာ တိုးတက်လာဦးမည် ဖြစ်ကြောင်း တင်ပြအပ်ပေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဖွံ့ဖြိုးရေးဒေသများ	**မရှိ**	**၁၀**	**၁၀**
- ကိုးကန့်ဒေသ	မရှိ	၁	၁
- 'ဝ'ဒေသ	မရှိ	၁	၁
- ရှမ်းဒေသ	မရှိ	၁	၁
- ကချင်အရှေ့မြောက်ဒေသ	မရှိ	၁	၁
- ပလောင်ဒေသ	မရှိ	၁	၁
- ကျိုင်းတုံဒေသ	မရှိ	၁	၁
- ဟိုမိန်းဒေသ	မရှိ	၁	၁
- မုန်းထော်၊မုန်းထဒေသ	မရှိ	၁	၁
- မော်ဖဒေသ	မရှိ	၁	၁
- ပအိုဝ်းဒေသ	မရှိ	၁	၁
လမ်းတံတား			
- မြေလမ်းမိုင်	မရှိ	၁၈၀၂/၇	၁၈၀၂/၇
- ကျောက်လမ်းမိုင်	မရှိ	၁၃၆၇/၇	၁၃၆၇/၇
- ကတ္တရာလမ်းမိုင်	မရှိ	၂၉၅/၀	၂၉၅/၀
- လမ်းပြုပြင်ထိန်းသိမ်းမှုမိုင်	မရှိ	၂၄၉၃/၇	၂၄၉၃/၇
- တံတား(ကြီး/ငယ်/ကြိုး)	မရှိ	၂၁/၁၂၅/၁	၂၁/၁၂၅/၁
ကျန်းမာရေး			
- ဆေးရုံ	မရှိ	၃၇	၃၇
- ဆေးပေးခန်း	မရှိ	၆၃	၆၃
- ကျေးလက်ကျန်းမာရေး	မရှိ	၃၆	၃၆
ပညာရေး			
- (ထက်/လယ်/မူ)ကျောင်း	မရှိ	၄၁၂	၄၁၂
- ဆရာ၊ဆရာမဦးရေ	မရှိ	၁၅၅၁	၁၅၅၁
- ကျောင်းသားဦးရေ	မရှိ	၄၈၄၄၂	၄၈၄၄၂
စိုက်ပျိုးရေး			
- စိုက်ပျိုးရေးရုံး	မရှိ	၂၃	၂၃
- စိုက်ပျိုးရေးစခန်း	မရှိ	၆၄	၆၄
- ဆည်	မရှိ	၄၄	၄၄
- တူးမြောင်း	မရှိ	၂	၂
- ထွန်စက်	မရှိ	၉	၉
- ရေရရှိရေးလုပ်ငန်း	မရှိ	၅	၅
- မြေယာဖော်ထုတ်ခြင်း	မရှိ	၈၆၀.၂၄	၈၆၀.၂၄
သစ်တော			
- ကြိုးဝိုင်း	မရှိ	၆	၆
- သစ်စက်	မရှိ	၁၂	၁၂
- ပျိုးဥယျာဉ်	မရှိ	၆	၆

မြဝတီရုပ်မြင်သံကြား

၇-၂-၂၀၀၅
(တနင်္လာနေ့) နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Hypot Hesis (တတိယနှစ်-စိတ်ပညာ)
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း-၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစုံစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၄၀)

* **ကျပ်(သန်း)**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မွေးမြူရေး			
- မွေးမြူရေးခြံ	မရှိ	၁၆	၁၆
- တိရစ္ဆာန်ဆေးကုရုံး	မရှိ	၂၅	၂၅
- နွား၊မြည်း၊သိုးဖြန့်ဖြူးခြင်း	မရှိ	၈၃	၈၃
စွမ်းအင်			
- လျှပ်စစ်မီးစက်	မရှိ	၁၃၈	၁၃၈
- မီးလင်းသည့်မြို့	မရှိ	၈၈	၈၈
- ရေအားလျှပ်စစ်မြို့/ရွာ	မရှိ	၁၂	၁၂
ပြည်သူ့ဆက်ဆံရေး			
- ရုပ်/သံလွှင့်စက်ရုံ	မရှိ	၄၈	၄၈
သတ္တုတူးဖော်ထုတ်လုပ်ရေး			
- ပတ္တမြား (ကရက်)	မရှိ	၂၄၉၂၈၀.၆	၂၄၉၂၈၀.၆
- နီလာ (ပွင့်ရေ)	မရှိ	၅၀၇.၇၀	၅၀၇.၇၀
ဆက်သွယ်ရေး			
- စာတိုက်	မရှိ	၂၈	၂၈
- ကြေးနန်းလုပ်ငန်း	မရှိ	၁၉	၁၉
- တယ်လီဖုန်းလုပ်ငန်း	မရှိ	၅၄	၅၄
အိမ်တွင်းမှုသက်မွေးပညာသင်တန်း*	**မရှိ**	**၅**	**၅**
- ဆရာ၊ဆရာမဦးရေ	မရှိ	၃၆	၃၆
- ကျောင်းသားဦးရေ	မရှိ	၅၅၃၀	၅၅၃၀
လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း*	**မရှိ**	**၆**	**၆**
- ဆရာ၊ဆရာမဦးရေ	မရှိ	၄၁	၄၁
- ကျောင်းသားဦးရေ	မရှိ	၃၆၀၅	၃၆၀၅
အကုန်အကျခံသုံးစွဲမှု*	**မရှိ**	**၂၆၃၄၇.၇၃**	**၂၆၃၄၇.၇၃**
- နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ	မရှိ	၁၃၆၇၈.၉၉	၁၃၆၇၈.၉၉
- ဝန်ကြီးဌာနများ၏ အသုံးစရိတ်	မရှိ	၉၅၄၅.၇၄	၉၅၄၅.၇၄

* **အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းများ**-၁။ မူဆယ် ၂။ လားရှိုး ၃။ ကျိုင်းတုံ ၄။ တာချီလိတ် ၅။ မိုင်းဆတ်

* **လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ**- ၁။ ကွမ်းလုံ ၂။ တန့်ယန်း ၃။ လားရှိုး ၄။ ကျိုင်းတုံ ၅။ လွယ်မွေ ၆။ ပင်လုံ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

တိုင်းရင်းသားလူမျိုးအားလုံး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက် ရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး ခေတ်မီဖွံ့ဖြိုးရေး ဖော်ဆောင်ပေးရာတွင် တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေး၊ ဉာဏ်ပညာ ထူးချွန်ထက်မြက် ရေးနှင့် အသိအမြင်အယူအဆ မှန်ကန်မျှတရေးတို့သည် ပဓာနကျသော အခြေခံ အကြောင်းတရားများပင်ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူများအကြား ပေါင်းကူး တံတားအဖြစ် ဝန်ဆောင်ပေးနေသည့် ပြန်ကြားရေးကဏ္ဍကိုလည်း စည်းလုံး ချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ရှမ်းပြည်နယ် တွင် အောက်ပါအတိုင်း တိုးချဲ့မြှင့်တင် စီစဉ်ဆောင်ရွက်ပေးလျက် ရှိနေပေ သည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	၁	၇၁	၇၀
- ပြန်/ဆက်ရုံး	မရှိ	၇၂	၇၂
- ပြန်/ဆက်စာကြည့်တိုက်	၁၄	၇၂	၅၈
- ဌာနဆိုင်ရာစာကြည့်တိုက်	မရှိ	၁၅	၁၅
- ကျေးလက်စာကြည့်တိုက်	မရှိ	၆၉၇	၆၉၇
- e-Library	မရှိ	၄	၄
- ကိုယ်ပွားသတင်းစာတိုက်	မရှိ	၃	၃

* **ကိုယ်ပွားသတင်းစာတိုက်များ** - ၁။ လားရှိုး ၂။ တောင်ကြီး ၃။ ကျိုင်းတုံ

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)
၇-၂-၂၀၀၅ (တနင်္လာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၇။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၀ ၈။ ကပ်တဲလ်ကြိုးတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၇:၀၀ ၅။ အကပဒေသာ
၁၇:၁၀ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၃၀ ၈။ မြန်မာစာ မြန်မာစကား
၁၇:၄၅ ၉။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၅၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၀၅ ၁၁။ Discovery
၁၈:၁၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"**(အပိုင်း-၆၅)
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ တေးဂီတအစီအစဉ်
၁၉:၁၅ ၁၆။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉:၂၅ ၁၇။ **အမျိုးသားညီလာခံဂုဏ်ပြုတေး**
၁၉:၃၅ ၁၈။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
၁၉:၄၅ ၁၉။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ 'သာယာဖွံ့ဖြိုးတိုးတက်စည်ပင် စစ်ကိုင်းတိုင်းတစ်ခွင်'**
၂၀:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၃၆)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲတွင် ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းကျေးရွာ အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ မရမ်းကုန်း၊ ဗဟန်း၊ လမ်းမတော်၊ လသာ၊ လှိုင်နှင့် အလုံမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။ (ယာပုံ)

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်း၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ကြည့်မြင်တိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးရဲဒင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်တင်နွယ်ဦး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်အုန်းကြင်နှင့် ကြည့်မြင်တိုင်မြို့နယ်မှ မြို့မိမြို့ဖ ဦးတင်ညွှန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မဉ္ဇူသန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကြည့်မြင်တိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဇင်ဇင်မျိုးထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ အလုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ပြုံးပြုံးမော်ကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကေမင်ကလျာက လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကြည့်မြင်တိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်လွင်ကလည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းမှတ်တမ်းများကို ရန်ကုန်အနောက်ပိုင်းခရိုင် အသင်း တွဲဖက်အတွင်းရေးမှူး ဦးနေဝင်းက ရန်ကုန်အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးနေလင်းသို့လည်းကောင်း၊ ပညာရေးနှင့် ပတ်သက်၍ မှတ်တမ်းများကို ခရိုင်ပညာရေးမှူး ဦးအောင်ကြည်သို့လည်းကောင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် မှတ်တမ်းများကို ကြည့်မြင်တိုင်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာခင်မေသီသို့လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်၁၃မြို့နယ်သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အလှူငွေကျပ် သိန်း၁၀၀ကို မြို့နယ်အသင်းများကိုယ်စား အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သူရသို့လည်းကောင်း အသီးသီးပေးအပ်သည်။

ထောက်ခံဆွေးနွေး

ထို့နောက် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်ဆောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံခြင်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထုကြီးက သဘောတူညီကြောင်း ဆန္ဒပြုကြသဖြင့် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု အမျိုးသားညီလာခံအားကြိုဆိုထောက်ခံ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်၈နာရီတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာ အားကစားကွင်း၌ကျင်းပသည်။ (အောက်ပုံ)

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်များ၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၈၀၀ကျော် တစ်ခဲနက် တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိအဖြစ် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကံညွှန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မုံရွာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင် ဦးကြည်ရွှင်၊ မုံရွာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အမာ၊ ချောင်းဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းတင်တင်နွဲ့၊ ချောင်းဦးမြို့ မြို့မိမြို့ဖ ဒေါက်တာညွှန့်ဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ကြူမိုးသန့်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခက်ခက်မာတို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများက **‘ရာသက်ပန်ပြည်ထောင်စု’**သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထောက်ခံဆွေးနွေး

ထို့နောက် သဘာပတိ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကံညွှန့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ မုံရွာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင် ဦးချစ်ဦးကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ချောင်းဦးမြို့မှ မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဒေါက်တာမြင့်သိန်းက လည်းကောင်း၊ မုံရွာခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘုတလင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်နုနုရီက လည်းကောင်း တင်ပြကြရာ ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များအပေါ် ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဒေါက်တာလှစိန်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ကျေးလက်ဒေသများတွင် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စာအုပ်အုပ်ရေ ၁၀၀၀ ကို မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်စန်းက မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မုံရွာခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ အစောင် ၁၅၀၀၀ကို အောင်ချမ်းသာကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်သောင်းက မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွေအောင်မြင့်ထံသို့ ပေးအပ်သည်။

တစ်ခဲနက်အတည်ပြု

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ထောက်ခံခြင်းများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသောပြည်သူလူထုကြီးက သဘောတူညီကြောင်း တစ်ခဲနက် ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများက **‘ပြည်မြန်မာ’**သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် နံနက် ၈နာရီ မိနစ် ၅၀ တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး) က မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက် သန္တာ ၁၇ လမ်းရှိ ရန်အောင်ကျောင်းတိုက်ဝင်း၊ အောင်သာဝတီ စာသင်တိုက်ကြီး အတွင်းရှိ ဓမ္မအာဟာရ ဆွမ်းစားကျောင်းတော်ကြီးတွင် ဖေဖော်ဝါရီ ၉ရက်မှ ၁၅ရက်အထိ ညနေ၆နာရီမှ ည၇နာရီခွဲအထိ လည်းကောင်း၊ မကွေးတိုင်း မကွေးမြို့လယ် သံဃာ့ဒါန ဆွမ်းလောင်းဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ညနေ၆နာရီခွဲမှ ည၈နာရီအထိ လည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် စာကြည့်တိုက် စာအုပ်ဆုချီးမြှင့် ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၄ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့်ဗိုလ်မှူးချုပ်အောင်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အလှူရှင် ပခုက္ကူဦးအုံးဖေ၊ ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ စာပေဆုနှင့် ပညာရည်ချွန်ဆုရရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စာပေမြတ်နိုးသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပခုက္ကူဦးအုံးဖေစာပေဆုရန်ပုံငွေအတွက် အလှူရှင် ပခုက္ကူဦးအုံးဖေက ထပ်မံလှူဒါန်းငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က လက်ခံသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ၂၀၀၄ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုများချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ၂၀၀၄ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)နှင့်ဒေါ်ကြန် (မကြန်)တို့အား လည်းကောင်း၊ ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ကဗျာပေါင်းချုပ် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအား လည်းကောင်း၊ ဝတ္ထုရှည် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအားလည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ ကျမ်းစာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ သုတေသနစာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ၂၀၀၄ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆု ရရှိသူနှစ်ဦးနှင့် ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိသူ ခုနစ်ဦးတို့အား လည်းကောင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ၂၀၀၄ခုနှစ်အတွက်ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ်တွင် ပထမဆု၊ ဒုတိယဆုနှင့်တတိယဆု၊ အင်္ဂလိပ်စာ ဘာသာရပ်တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၄ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု သင်္ချာဘာသာရပ်တွင် ပထမဆု၊ ဒုတိယဆုနှင့်တတိယဆု၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆု၊ ရူပဗေဒဘာသာရပ်တွင် ပထမဆု၊ ဇီဝဗေဒဘာသာရပ်တွင်ပထမဆုရရှိကြသူများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ၂၀၀၄ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ပထဝီဝင်ဘာသာရပ် ပထမဆု၊ သမိုင်းဘာသာရပ် ပထမဆု၊ ဘောဂဗေဒဘာသာရပ် ပထမဆုနှင့် စိတ်ကြိုက်မြန်မာစာဘာသာရပ်ပထမဆုရရှိကြသူများအားလည်းကောင်း အသီးသီးဆုများချီးမြှင့်ကြသည်။

ထို့နောက် အလှူရှင် ပခုက္ကူဦးအုံးဖေက ၂၀၀၄ခုနှစ် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရ 'ရောဝတီမှမြသီတာနှင့်အခြားဆောင်းပါးများ' စာအုပ်ရေးသူ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)ကိုယ်စား ဦးသန့်ဇင်သိန်း၊ 'ရွှေနိုင်ငံ၏ အလှသစ္စာများ' စာအုပ်ရေးသူ ယုဝတီခင်ဦးနှင့် 'အကြင်နာ မဟာတံတိုင်း' စာအုပ်ရေးသူ ယုဝတီခင်စိန်လှိုင်တို့အား ဆုများချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် အလှူရှင် ပခုက္ကူဦးအုံးဖေက ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားများ နှစ်စဉ်ကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ၂၀၀၄ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရရှိကြသူများ ကိုယ်စား ၂၀၀၄ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု တစ်သက်တာစာပေဆုရ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အခမ်းအနား တက်ရောက်လာကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင် ပခုက္ကူဦးအုံးဖေတို့သည် ၂၀၀၄ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု တစ်သက်တာ စာပေဆုရရှိသူများနှင့် လည်းကောင်း၊ စာပေဆု၊ ပညာရည်ချွန်ဆု ရရှိကြသူများနှင့်လည်းကောင်း၊ ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုရ ပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ပညာရည်ချွန်ဆု ရရှိကြသူများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

အလှူရှင် ပခုက္ကူဦးအုံးဖေက ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေအတွက် ထပ်မံလှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဗီယက်နမ်နိုင်ငံတွင် အားကစားဆိုင်ရာလုပ်ငန်းများလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ခေါင်းဆောင်လျက် အဖွဲ့ဝင်များဖြစ်ကြသော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် ဦးမိုးမြင့်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ညွှန်ကြားရေးမှူးဦးကျော်စိုးမြင့်တို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီး H.E. Mr. Nguyei Danh Thai၏ ဖိတ်ကြားချက်အရ အားကစားဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်နှင့် အားကစားလုပ်ငန်းများကို လေ့လာရန် ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့သည် ဇန်နဝါရီ ၃၁ရက် နံနက် ၉ နာရီတွင် ဗီယက်နမ်နိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီး H.E. Mr. Nguyei Danh Thaiဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ အားကစားလုပ်ငန်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။

တက်ရောက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အားကစားဝန်ကြီးဌာနနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီတို့အကြား အားကစားဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဟန္နိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံ အားကစားနှင့် ကာယပညာကော်မတီရုံး၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံရုံးယာယီတာဝန်ခံ ဦးသန်းစိန်၊ မြန်မာစစ်သံရုံးမှ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးH.E. Mr. Nguyei Danh Thaiနှင့် တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာ တက်ရောက်ကြသည်။

စာချွန်လွှာလဲလှယ်

အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီး H.E. Mr. Nguyei Danh Thai တို့သည် အားကစားဆိုင်ရာလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးကြပြီး**(ဝဲအပေါ်ပုံ)** အပြန်အလှန်လဲလှယ်ကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီး H.E. Mr. Nguyei Danh Thai က အမှာစကားပြောကြားပြီး ဟန္နိုင်းမြို့ရှိ သတင်းနှင့် စာနယ်ဇင်းပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ပြန်လည် ဖြေကြားကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဟန္နိုင်းမြို့ရှိ အမျိုးသားအားကစားဥယျာဉ် (National Sport Complex) သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားအားကစားဥယျာဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဝန်ကြီးနှင့် အဖွဲ့သည် အမျိုးသားအားကစားဥယျာဉ်အတွင်း အားကစားကွင်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ကြည့်ရှုလေ့လာ

ဝန်ကြီးနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက်တွင် ဟိုချီမင်းမြို့ရှိ အမှတ်(၂) အမျိုးသားအားကစား တက္ကသိုလ်သို့ သွားရောက်လေ့လာကြရာ အားကစားတက္ကသိုလ်မှ ပါမောက္ခချုပ် Mr. Lam Quang Thanh နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားအားကစားတက္ကသိုလ်နှင့် ပတ်သက်၍ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အားကစားတက္ကသိုလ်အတွင်းရှိ လေ့ကျင့်ရေးသင်တန်းခန်းမများ၊ အားကစားလေ့ကျင့်ရေးကွင်းများ၊ သင်တန်းခန်းမများကို လှည့်လည် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲအကြိုတရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဩဘာလမ်းနှင့် ဒဂုဏ်သီရိလမ်းထောင့်ရှိ ဓမ္မရက္ခိတဓမ္မာရုံတွင် (၆၈)ကြိမ်မြောက် ဆွမ်းတော်ကြီးတင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အကြိုတရားပွဲများကို ဖေဖော်ဝါရီ ၇ရက်မှ ၁၁ရက်အထိ ညစဉ် ၇နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဟောကြားမည်

ဖေဖော်ဝါရီ ၇ရက်တွင် ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ(သဒ္ဓမ္မဇောတိကဓဇ)၊ ၈ရက်တွင် ဆရာတော်ဦးကုဏ္ဍလ(ဓမ္မကထိကအောင်ခြင်းဆရာတော်)၊ ၉ရက်တွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ၊သာသနဓဇ ဓမ္မာစရိယ) ၁၀ရက်တွင် ဆရာတော် ဦးဓမ္မသာရ (ဒီဃဘာဏက၊ ရေ၊ မီး၊ ဆွမ်း၊ ဆေး မင်းကွန်းတောင်ရိုး)နှင့် ၁၁ရက်တွင် ဆရာတော် ဦးသူရိယာဘိဝံသ (မဟာဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ သစအ ဓမ္မာစရိယ) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဓနုတိုင်းရင်းသားမိသားစုအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဓနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)၏ အစည်းအဝေးနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော အခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် ရိုးရာအစားအစာများဖြင့် ကျွေးမွေးမည်ဖြစ်ရာ ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့်ရှိ ဓနုတိုင်းရင်းသား ဓမ္မာရုံသို့ ကြွရောက်ကြရန် ဓနုတိုင်းရင်းသားများအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၆ရက်က တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၅)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာ–တရုတ်ကုန်းကြောင်းကုန်သွယ်ရေး အထောက်အကူပြုမည့် ဗန်းမော်–ယူနန် ကားလမ်းပိုင်း မိုးမောက်–လွယ်ဂျယ်အဆင့်မြင့် ဖောက်လုပ်မှုများ စတင်၊ တန်၃၅၀ကုန်တင်သင်္ဘောနှစ်စင်းပြည်တွင်းပုဂ္ဂလိကကုမ္ပဏီတစ်ခုက တည်ဆောက်နိုင်၊ တစ်ကိုယ်တော်ဆန္ဒပြခဲ့သည့် အမေရိကန်နိုင်ငံသားကို တည်ဆဲဥပဒေအရအရေးယူနိုင်သော်လည်း မိခင်နိုင်ငံပြန်ပို့ပေးခဲ့၊ နိုင်ငံတော်သံစုတီးဝိုင်း မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်ရန်ရှိ၊ ရန်ကုန်နှင့်အိန္ဒိယနိုင်ငံ ချင်နိုင်းဆိပ်ကမ်းသို့အပတ်စဉ် သင်္ဘောတစ်စင်းပြေးဆွဲမည် စသည့် ပြည်တွင်းရေးရာ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိသည်။

ရီပို့ကတ်ခေတ်ကုန်တော့မည်လော သားသမီးတို့၏ပညာရေးအခြေအနေကို အွန်လိုင်းဖြင့်တစ်ပြေးညီ သိနိုင်ပြီ၊ ဆွီဒင်နိုင်ငံ၏ အသက်ကြီးဆုံးအမြွာရာပြည့်တန်းသို့ဝင်၊အဝလွန်ခြင်းနှင့်ဆက်နွယ်သော ဗီဇပွင့်ကြွက်တွင်တွေ့၊ တရုတ်ပြည်ကြီး၏လူလတ်တန်းစား အထက်တန်းစည်းစိမ်နှင့်မဝေးပြီ စသည့်နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း–၅၄၈၈၈၀က ဖြန့်ချိထားကြောင်းသိရသည်။ **(က–ပ)**

အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားခြင်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်–

နေ့ရက် ။ ။၁၀–၂–၂၀၀၅ (ကြာသပတေးနေ့)

အချိန် ။ ။၁၅း၃၀နာရီ

နေရာ ။ ။စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ
ဖုန်း–၀၃၁–၂၅၁၇၈၊ ၀၃၁–၂၅၄၆၉၊ ၀၉၈၀–၂၅၉၁၈။

အမည်ပြောင်း

ဦးကိုကိုထွေး–ဒေါ်နှင်းအိနွယ်တို့၏ သမီးကြီးဖြစ်သူ ပြင်ဦးလွင်မြို့ အထက(၁) န၀မတန်းမှ မအိဖူးဝေအား ယနေ့မှစ၍ မဖြူသဲဟန်ဟု ပြောင်းလဲခေါ်ပါရန်။

မဖြူသဲဟန်။

ဓလေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဣန္ဒိတံအိမ်ရာ၊ RH.E-1 နေ ဦးမျိုးမြင့်(အငြိမ်းစားသံအမတ်ကြီး)–ဒေါ်ညွန့်တင်တို့၏မြေး ဦးကျော်မြထွန်း(Chief Officer Gewin Maritime Tokyo, Japan)–ဒေါ်ချိုချိုမြင့်တို့၏တစ်ဦးတည်းသောသား

မောင်လင်းခန့်ကျော်

(Cadet Officer CTI Recruiting & Replacement Co., Ltd. Florida USA) နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၈၂၊ ဌာနာလမ်းနေ အရာဏ်ဦးကျော်မြင့်(အရာဏ်ဦးဗိုလ်)–ဒေါ်ပြုံးမာတို့၏သမီးထွေး

မနှင်းပပမြင့်

B.A (Business Management),Dip in Business Student(DBS)

တို့သည် ၂၉–၁–၂၀၀၅ရက် (စနေနေ့)၌ နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်တွင် ဓလေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်လင်းခန့်ကျော်–မနှင်းပပမြင့်။

စာမျက်နှာ ၅ မှ

အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည့် ဦးတည်ချက်(၆)ရပ်နှင့် ကျင်းပလျက်ရှိကြောင်း၊ ထိုဦးတည်ချက်(၆)ရပ်စလုံးသည် မြန်မာ့သမိုင်းကြောင်း၊ မြန်မာ့ရေမြေသဘာဝ၊ မြန်မာလူမျိုးတို့၏ ဆန္ဒသဘောထား စရိုက်လက္ခဏာများအရ မုချလိုအပ်သည့်မှုများလည်းဖြစ်ကြောင်း။

ရေးရှည်သို့နှိုင်း

အမျိုးသား ညီလာခံကြီးက အခြေခံဥပဒေတွင် ပါဝင်ရမည့် အခန်းအလိုက် ခေါင်းစဉ်၁၅ခုကို သတ်မှတ်နိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် နိုင်ငံသားအားလုံးကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ်များတက်ရောက်ရေးဆွဲ ဆွေးနွေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံပါဝင်သည့် ကိုယ်စားလှယ်များက နိုင်ငံသားများ၏ အကျိုးစီးပွားကို ရေးရှူပြီး ညှိနှိုင်းတိုင်ပင် ရေးဆွဲနေသော ညီလာခံကြီးလည်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်း လာနိုင်ရန်အတွက် ရည်သန်ကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို မိမိတို့ ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

အခွင့်အလမ်း

ဆက်လက်၍ ကယားပြည်နယ် လွိုင်ကော်ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လွိုင်ကော်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်ပန်းက တင်ပြရာတွင် နိုင်ငံတော် အစိုးရသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ပြည်ထောင်စုတစ်နံတစ်လျား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊လွိုင်ကော်ခရိုင်အတွင်း ပညာရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ကြည့်မည်ဆိုလျှင် လွိုင်ကော်တက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာကောလိပ်များကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုသို့ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ခြင်းသည် လွိုင်ကော်ခရိုင်အတွင်းမှာရှိသည့် မျိုးဆက်သစ်လူငယ် မောင်မယ်များအတွက် အဆင့်မြင့်ပညာသင်ယူရေးအခွင့်အလမ်းများကို လက်တစ်ကမ်းတွင် လက်လမ်းမီစွာ ငွေကုန်ကြေးကျသက်သာစွာနှင့်သင်ကြားနိုင်အောင် နိုင်ငံတော်အစိုးရသည် အမြော်အမြင် ကြီးမားစွာဖြင့် စီစဉ်ပေးမှုကြောင့်ဖြစ်ကြောင်း။

လွိုင်ကော် တက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် လွိုင်ကော်မြို့တော်ခန်းမ၌ ကျင်းပနိုင်ခဲ့ပြီး ဝိဇ္ဇာ/သိပ္ပံဘွဲ့ရလူငယ်မောင်မယ် ၂၅ဦးကို ဘွဲ့လက်မှတ်များ အပ်နှင်းနိုင်ခဲ့ကြောင်း။

လွိုင်ကော်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ကျေးလက်ပညာရေးတွင် လွိုင်ကော်မြို့နယ်အတွင်း ထေးသမ၊ လင်ဖုံလေး၊ လွယ်တမူ(မြောက်)၊ ကုန်းသာ၊ မိုက်ကန်း၊ လောပိတ(၄)မိုင် စံပြ၊ ဒေါတနော်ကျေးရွာ မူလတန်းကျောင်းများတွင် ကျောင်းဆောင်သစ် ကိုးဆောင်ကို အသင်းက မိဘပြည်သူများနှင့်အတူ လှူဒါန်းဆောက်လုပ် ပေးနိုင်ခဲ့ကြောင်း၊ လွိုင်လင်လေး အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်ပြုပြင်ခြင်း၊ လွယ်ထွဲကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်၊ ခိုက်ပလာအမက ကျောင်းဆောင်သစ်များကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျန်းမာရေး

ကျေးလက်ကျန်းမာရေးကဏ္ဍတွင် အသင်းက လွိုင်ကော်မြို့နယ်အတွင်း ပန်ကန်း၊ ပကြဲ၊ ဖာတီမာ၊ ဒေါကလိုးခူ၊ ဒေါပေါ်ကလဲ၊ လင်ဖုံလေးကျေးရွာ၊ ကျေးလက်ကျန်းမာရေး ဌာနခွဲဆေးခန်းငါးခန်း ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ဖရူဆိုမြို့နယ်တွင် ထီးကလူဒေါကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ဆောက်လုပ်ပေးခဲ့ကြောင်း၊ ဒီးမော့ဆိုမြို့နယ် ဆိုဘောသဲကျေးရွာကျေးလက် ဆေးပေးခန်းအသစ်တစ်ခု မကြာမီ ပြီးစီးအောင် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း။

ဆင်းရဲသည့် ကျေးလက်ပြည်သူများ ဆေးရုံတက်ရောက်ကုသနိုင်ရေးအတွက် အသင်းက ထောက်ပံ့လှူဒါန်း ကူညီမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာအရောက် ကွင်းဆင်းဆေးကုသခြင်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တစ်ဆက်တည်း လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖြူစင်မေတ္တာ ကရုဏာအသင်း တည်ထောင်ပြီး သွေးလှူဒါန်းခြင်း၊ နာရေးကူညီမှု လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်နယ် ဘိုးဘွားရိပ်သာ အဆောက်အအုံ ဖြစ်မြောက်ရေး ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေး

ကျေးလက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် လွိုင်ကော်မြို့၊ မင်္ဂလာရပ်၊ ခွာညိုလမ်း ကတ္တရာခင်းခြင်း၊ လွိုင်ကော်မြို့နယ် ထေးသမ–ဒေါမူကလား ကျောက်ချောလမ်း၊ ထေးသမရွာတွင်း ကျောက်ချောလမ်း၊ ထေးငှားလျား–ဘာဒို ကျေးရွာချင်းဆက် ကျောက်ချောလမ်း၊နိုးကိုး–ဝါရီကောခူ ကျောက်ချောလမ်း၊ ကုန်းသာကျေးရွာ ရွာတွင်းလမ်းနှင့် သစ်သား တံတားခင်းခြင်း၊ (၃)မိုင် ပကျဲစံပြကျေးရွာ–ဖာတီမာ ကျောက်ချောလမ်းနှင့် လွိုင်ကော်မြို့ ဘီလူးချောင်းကူး ဒေါနိုးကူး တံတားပြုပြင်ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

လွိုင်ကော်ခရိုင်အတွင်းလိုင်း ၅၀ပါ ကျေးလက် တယ်လီဖုန်း အိတ်ချိန်းခြောက်ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး ဒီးမော့ဆိုမြို့နယ် ခြောက်မိုင် စံပြကျေးရွာတွင် အလားတူ အိတ်ချိန်းတစ်ခု တည်ဆောက်လျက်ရှိကြောင်း၊ ကျေးလက်ရေအားလျှပ်စစ် မီးလင်းရေးအတွက်လည်း လွိုင်ကော်မြို့နယ် ထီးစုံခါးကျေးရွာ နန်းတဘက်ချောင်းတွင် ကီလိုဝပ် ၂၀ ရေအားလျှပ်စစ်စက်ရုံ၊ ဒီးမော့ဆိုမြို့နယ် ဆင်တောင်ကျေးရွာ အုပ်စု ဝီသဲကူးရွာ ဆင်တောင် ရေထွက်တွင် ၁၀ ကီလိုဝပ် ရေအားလျှပ်စစ် စက်ရုံများကို အသင်းနှင့် ကျေးရွာပြည်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း မကြာမီ ထိုကျေးရွာများတွင် ရေအားလျှပ်စစ်ဓာတ်အား အောင်မြင်စွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ရပ်ရွာအကျိုး ဆောင်ရွက်ချက်လုပ်ငန်းများတွင် မြို့မိမြို့ဖများ၊ မိတ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက်ထောက်ခံပြီး ဝိုင်းဝန်းဆောင်ရွက် ပေးကြရန် လိုကြောင်း တင်ပြသွားသည်။

လက်ခံရယူ

လွိုင်ကော်ခရိုင် အတွင်း ဆက်လက်ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် ကျေးလက်အခြေခံပညာ ကျောင်းဆောင်များ အသစ်ဆောက်လုပ်ရန်ငွေကျပ်သိန်း၂၀၊ကျေးလက်မီးလင်းရေးအတွက် ငွေကျပ်သိန်း ၂၀၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအတွက် ငွေကျပ် ၁၀သိန်းစုစုပေါင်း ငွေကျပ်သိန်း ၅၀ကို ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးလူရယ်ဘိုးလူက ပေးအပ်ရာ လွိုင်ကော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးရယ်က လက်ခံရယူသည်။

ပင်လုံစာချုပ်

အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး တင်ပြသွားကြသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လွိုင်ကော်ခရိုင် ရှားတောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲဝင်းက ထောက်ခံတင်ပြရာတွင် မိမိတို့၏ အမိမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်၏ ထာဝရ တည်ငြိမ်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဖြစ်မနေ လိုအပ်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ခဲ့သည့် ပင်လုံမြေတွင် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီလ ၁၂ရက်ကို ပြည်ထောင်စုနေ့ဟုသတ်မှတ်ပြီး နှစ်စဉ်ဂုဏ်ပြုပွဲများပြုလုပ်လာခဲ့ကြရာ ယခုနှစ်ဆိုလျှင် (၅၈)နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို တိုင်းရင်းသားပြည်သူများ အစဉ်အမြဲ နှလုံးသွင်းနိုင်ကြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့မှ အခြေတည်မွေးဖွားလာခဲ့ကြောင်း။

နိုင်ငံတော် လွတ်လပ်ရေးရပြီးနောက် သမိုင်းကြောင်းတစ်လျှောက် စစ်မှန်သည့် ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များကို ရေရှည်မခံစားခဲ့ကြရကြောင်း၊ နိုင်ငံတော်၏ သယံဇာတ ပေါကြွယ်ဝမှု၊ တိုင်းရင်းသားပြည်သူများ ညီအစ်ကိုရင်းသဖွယ် အတူတကွ ပေါင်းသင်းနေထိုင်လာမှုနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်ငြိမ် ဖွံ့ဖြိုးတိုးတက်စေရန် ထာဝရထိန်းသိမ်းနိုင်ရန် တစ်ခုတည်းသော အမျိုးသားနိုင်ငံရေး လမ်းစဉ် (၇)ရပ်သည်လည်း ပေါ်ထွက်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ပြည်သူလူထုတစ်ရပ်လုံး အေးချမ်းတည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများကို ခံစားကြရမည်ဖြစ်ကြောင်း။

ပါဝင်ဆွေးနွေး

အမျိုးသားရေး လမ်းစဉ်(၇)ရပ်တွင် ပထမဆုံးနှင့် အခြေခံအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်းအဆင့်ဆင့်ကျင်းပနေပြီဖြစ်ကြောင်း၊ညီလာခံကြီးတွင် လူတန်းစား အလွှာစုံ၊ တိုင်းရင်းသားပေါင်းစုံတို့ ပါဝင်ဆွေးနွေးကြသည့်အတွက် အနာဂတ် နိုင်ငံတော်ကြီးအတွက် အလွန်တန်ဖိုးရှိသော အခြေခံမူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏ ငြိမ်းချမ်းသာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများကို ဖော်ဆောင်ပေးမည်ဖြစ်သည့်အတွက် မကြာမီ ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုဂုဏ်ပြုထောက်ခံကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေနှင့် လွိုင်ကော်ခရိုင် ကျေးရွာနှစ်ရွာတွင် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိရာ အိမ်ထောင်စု ၂၀၀ကျော်အတွက် လျှပ်စစ်ဓာတ်အား ကီလိုဝပ်၃၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း။

အခြေခံပညာကျောင်းဆောင်သစ် ၁၅ဆောင် ဆောက်လုပ်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပြီး ဥပဓိရုပ်မကောင်းသည့် စာသင်ကျောင်းများကိုလည်း ပြုပြင်ပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ ကျေးရွာခြောက်ရွာတွင်ကျေးလက် တယ်လီဖုန်းတပ်ဆင်ပေးနိုင်ခဲ့ပြီး ကျေးလက်ဆေးပေးခန်း ငါးခန်း ဆောက်လုပ်ပေးနိုင်သည်ကို တွေ့ရှိရကြောင်း။

ဆက်လက်ကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကို နယ်မြေလူထုအကျိုး၊ ရပ်ရွာအကျိုးအတွက် အသင်း အဖွဲ့အစည်းများက ဆက်လက်ပြီး ဆတက်ထမ်းပိုးတိုးပြီး ဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုကြောင်းဖြင့် ထောက်ခံတင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒသဘောထားကိုရယူရာ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြောင်း၊အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်းကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသား ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်၍ အခမ်းအနားကို နံနက်၈နာရီ၄၅မိနစ်တွင် အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

တမူးမြို့မဈေး အတွင်းလမ်း ကတ္တရာခင်း ငွေကျပ် ၁၉ သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

တမူး ဖေဖော်ဝါရီ ၅

တမူးမြို့မဈေး အတွင်းလမ်း ဈေးသူဈေးသားများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော့မောင်မောင် ကြီးကြပ်ဆောင်ရွက်မှုကို ဇန်နဝါရီ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးသောင်းညွန့် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ကတ္တရာလမ်းခင်း

အဆိုပါ ကတ္တရာလမ်းကို ဈေးသူ ဈေးသားများက ကိုယ့်အားကိုယ်ကိုး ထည့်ဝင်ငွေကျပ် ၁၆၅၃၇၆၀နှင့်စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ်သိန်း ၃၀၀၀၀၀ဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမြန်ပြီးစီးရေးမှာကြား

ထို့နောက် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသောင်းညွန့်က လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရေးနှင့် အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။ **(မြို့နယ်စည်ပင်)**

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကတ္တရာခင်း

ပြည် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နဝဒေးမြို့ရှောင်လမ်း ကတ္တရာအဆင့်မြှင့်ခြင်း အရှည်ပေ ၂၉၂၀၊ အကျယ်ပေ ၂၀၊ ပုထိုးကြီးလမ်း ကတ္တရာလမ်းသစ်ခင်းခြင်း အရှည်ပေ၃၀၉၀၊ အကျယ် ၁၈ပေ၊ ပွဲစားလမ်း ကတ္တရာအဆင့်မြှင့်ခြင်း အရှည်၁၂၂၇ပေ၊ အကျယ် ၁၄ပေ၊ ပုဆိုးတန်းလမ်း အရှည်ပေ ၄၃၀၊ အကျယ် ၁၆ပေ၊ စစ်ကဲလမ်း အရှည် ၃၃၆ပေ၊ အကျယ် ၁၈ပေ၊ ကိုးသောင်း–အောင်ဆန်း–ပြည်သာယာလမ်း အရှည်ပေ ၄၉၀၀၊ အကျယ် ၁၂ပေနှင့် မြို့သစ်အဝင်လမ်း ကတ္တရာအဆင့်မြှင့်ခြင်းလုပ်ငန်း အရှည် ၅၁၆ပေ၊ အကျယ် ၁၈ပေတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဒီဇင်ဘာ၁၀ရက်က မြောင်းမြမြို့ မြွေဟောက်ကျေးရွာ အိန်ဂျယ်စတား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌ မန်းအန်ဂျေလူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်း ဖြစ်သော ထေးငှားလျား–ဘာဒိုဂဝံလမ်းခင်း ခြင်းဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၁၆ ရက်က မြေသား ပြုပြင်ခြင်း လုပ်ငန်းလုပ်ဆောင်နေစဉ်။

(နယ်စပ်/စည်ပင်)

ကျေးလက်တစ်ခွင် ပွံ့ဖြိုးစည်ပင်

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တောင်ဇလပ်ဂေါက်ကွင်းသွားလမ်း ကတ္တရာခင်း

ဟားခါး ဇန်နဝါရီ ၃၀

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ရက်က တောင်ဇလပ် ဂေါက်ကွင်းသွားလမ်းပေ၁၉၀၀ ကတ္တရာခင်းခြင်းလုပ်ငန်းကို**(အောက်ပုံ)** မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

သထုံမြို့နယ်တွင် လမ်းများ ကတ္တရာခင်း

သထုံ ဇန်နဝါရီ ၃၁

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ဘဏ္ဍာရေးနှစ်တွင် ရုံးကြီးလမ်း၊ အထက(၁)ကျောင်းလမ်း ကတ္တရာတိုးချဲ့ခင်းခြင်းလုပ်ငန်းအရှည် ၂၆၈၉ပေ၊ အကျယ် ၁၂ပေ၊ ကြေးသွန်းဘုရားလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအရှည် ပေ၁၄၅၀၊ အကျယ် ၁၂ပေနှင့် အုတ်ဖိုတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ပေတို့အား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရေစကြိုမြို့နယ် ညောင်ဇောက်ကျေးရွာ ဦးအောင်ဖိုးစာကြည့်တိုက် စာအုပ်၊ ပရိဘောဂနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ရေစကြို ဇန်နဝါရီ ၃၁

ရေစကြိုမြို့နယ် ညောင်ဇောက်ကျေးရွာအုပ်စု ဦးအောင်ဖိုး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၇)နှစ်မြောက် အထိမ်းအမှတ် စာအုပ်၊ ပရိဘောဂနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ ၁၂ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မန္တလေးတိုင်း စဉ့်ကူးမြို့နယ်ကံတောင်ကျေးရွာ ရွှေမျိုးဆက် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကိုကိုက စာအုပ် ၂၂၅အုပ်၊ ဗီရိုတစ်လုံး၊ ငွေပဒေသာပင်အဖြစ် ငွေကျပ်တစ်သောင်းကို ပေးအပ် လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ခိုင်က လက်ခံရယူသည်။ **(အောက်ယာပုံ)**

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာအုပ်မျိုးစုံ ၅၀ အား ဦးအောင်ဖိုးစာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းဗိုလ်အားလည်းကောင်း၊ ကေးကေးစာအုပ်အငှားဆိုင်(ရေစကြို)က စာအုပ် မျိုးစုံ ၅၀နှင့်ဦးအေး(ညောင်ဇောက်ကျေးရွာ)က စာအုပ်၊ ဗီရိုတစ်လုံးကို တာဝန်ရှိသူများအား လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နှင့်ကျေးလက်ဆက်သွယ်သည့် တံတားများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်က ပြုပြင် တည် ဆောက်ပြီးစီးသော ညောင်ရွှေ–လွယ်ခေါ့ကျေးရွာသွားလမ်းပေါ်ရှိ တံတားအမှတ်(၁)ကို အမှုဆောင်အရာရှိ ဦးရဲမွန် ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ကလေးမြို့နယ်ဥပုသ်ချောင်း ကျောက်စီနံရံပြုလုပ်

ကလေး ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်း ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဥပုသ်ချောင်း ကျောက်စီနံရံပြုလုပ်ခြင်းကို ဖေဖော်ဝါရီ၁ရက်က အရှည်ပေ ၁၀၀၊ အကျယ်၁၀ပေနှင့် မင်းရဲကျော်စွာလမ်း ကတ္တရာခင်းခြင်း အရှည်၄၃၅ပေ၊အကျယ် ၁၂ပေတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကမာရွတ်မြို့နယ် ကျောင်းကျန်းမာရေးဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာသုံးနှစ်ဆက်တိုက် ကျောင်းကျန်းမာရေး ထူးချွန်(စံပြ) ပထမဆုရ အမက(၁) ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းရီအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (က-ပ)

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းကျန်းမာရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကျန်းမာကြံ့ခိုင်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂ရက်က အထက(သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပရာ ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစား)က ကျန်းမာကြံ့ခိုင်ရေးအကြောင်းနှင့် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းတို့ကို အကျယ် တဝင့်ဟောပြောပို့ချသည်။အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဒေါ်ရီရီမြင့်နှင့်အဖွဲ့ဝင်များ၊ကျောင်းအုပ်ဆရာကြီးဦးထွန်းမင်းနှင့် ဆရာဆရာမများ၊ ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင်ဒေါ်မြမြကြည်နှင့် အဖွဲ့ဝင်များ၊ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။(က-ပ)



ဇန်နဝါရီ ၃၀ ရက်က ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်စုံညီ အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ၌ကျင်းပရာ အသင်းနာယက ဦးထွန်းစိန်က တက္ကသိုလ်ဝင်တန်းစာမေးပွဲခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်နိုင်လင်းအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ဇလွန်မြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဇလွန်မြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေး၊ ဘွဲ့ရဆရာတော်များအားဂုဏ်ပြုပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အောင်တော်မူဆုတောင်းပြည့်တန်ဆောင်း၊ ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များသည် အသင်းဝင်များ၏ မိသားစုထဲမှ အသက် (၇၅)နှစ်ပြည့်ပြီးသူများနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော အသင်းသားများ၏သားသမီးများအား ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ အမှတ် ၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် ဖုန်း-၅၁၀၃၇၆သို့ ဆက်သွယ် စာရင်းပေးသွင်းကြရန်နှင့်အသင်း သားမိသားစုများနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူမြို့နယ်သားမိသားစုများမပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၉ရက် ညနေ ၆နာရီက အမှတ်(၆)ရပ်ကွက် အောင်သုခဓမ္မာရုံကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) မှပေးပို့သော သဝဏ်လွှာအား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းသိမ်း(မျိုးမင်းသိမ်းရွှေမြိုင်)က ဖတ်ကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ဆွေစွန်ညို)နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌဦးခင်လှိုင်(ချစ်မိုးညို)၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လှိုင်တို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ဆက်လက်၍ ဟောပြောပွဲကျင်းပရာ ဆရာမမြနှောင်းညိုက ကျန်းမာရေးနှင့် ရသစာပေ၊ဆရာမောင်နေမျိုးက မြန်မာစာပေအကြောင်း ၊ ဆရာနေမျိုးအေးက ကျွန်တော်ရေးခဲ့၊ ဖတ်ခဲ့သော ကာတွန်းများနှင့် ဆရာ ဒေါက်တာ ခင်မောင်ညိုက မျိုးဆက်သစ်အနာဂတ် လူငယ်များအကြောင်းတို့ကို ဟောပြောကြကာ အမှတ် (၆)ရပ်ကွက် စာပေဟောပြောပွဲ ဖြစ်မြောက်ရေးအဖွဲ့ စာချစ်သူဦးတင်အောင်ကျော်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ကျပ်တစ်သောင်း ပေးအပ်လှူဒါန်းပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပညာရေးမိသားစု နယ်မြေ(၂) အင်္ဂလိပ်ပုံပြောပြိုင်ပွဲနှင့် ထူးချွန်ဆုပေးပွဲတွင် အမက(၂၁)ကျောင်းမှ တတိယတန်း မြို့နယ်အဆင့်ဘာသာစုံ ဒုတိယဆုရ မောင်မင်းရှင်းသန့်အား ဖေဖော်ဝါရီ ၁ရက်က လက်ထောက်မြို့နယ် ပညာရေးမှူး ဦးချစ်ကြည်က ဆုချီးမြှင့်စဉ်။ (က-ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၆ ရပ်ကွက်၊ အောင်မိုးဟိန်းလမ်း၊ အမှတ်-၃၆၅ နေကွယ်လွန်သူ ဖြူးဆရာ ဦးသောင်းမောင်အားရည်စူး၍ ဇနီးဒေါ်ခလေးမ၊ သားသမီး၊ မြေးတစ်စုတို့က ဒေါ်ခလေးမ၏ (၉၇)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်မေဝင်းအောင်ခင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယခုအပတ်မြန်မာဗီဒီယို ၁၆ ကား ဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ယခုအပတ် ဖေဖော်ဝါရီ ၇ ရက် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဓာတ်ကား ၁၆ကား တစ်ပတ်အတွင်း ဖြန့်ချိပြသခွင့် ရရှိသည်။ ဒွေး၊ လူမင်း၊ ရာဇာနေဝင်း၊ နိုင်းနိုင်းတို့ပါဝင်သော ဓာတ်ကားများနှင့် ဟာသဓာတ်ကားများ ဖြန့်ချိလာသည်ကို တွေ့ရသည်။

‘လက်ငင်းဈေး’ဓာတ်ကားတွင် ရာဇာနေဝင်းနှင့် ဆုပန်ထွာတို့၏ သရုပ်ဆောင်ဟန်။

လက်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာမောင်နန္ဒရိုက်ကူး၍ နိုင်းနိုင်း၊ စိုးမြတ်နန္ဒာတို့ပါဝင်သော **မချစ်ဘူးလို့ထင်ခဲ့ပေမယ့်** ဓာတ်ကား။

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ အောင်ခိုင်ရိုက်ကူး၍ ညီဘွား၊ အောင်ခိုင်နှင့်လင်းဇာနည်ဇော်တို့ပါဝင်သော **မိုက်တွင်းမျက်ရည်** ဓာတ်ကား။ ကောင်း သစ္စာဗီဒီယိုမှ ဒါရိုက်တာ ကိုဇော်ရိုက်ကူး၍ ဒွေး၊ ဇော်ဝမ်း၊ နန္ဒာလှိုင်နှင့် စမိုင်းလ်တို့ ပါဝင်သော **အပြာရောင်ပုံတိုပတ်စများ** ဓာတ်ကား။ နယူးထိပ်တန်းဗီဒီယိုမှ ဒါရိုက်တာ နေပိုင် ရိုက်ကူး၍ လူမင်း၊ ရဲအောင်နှင့် အိန္ဒြာကျော်ဇင်တို့ပါဝင် သော **ဟယ်လို** ဓာတ်ကား။

လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာမောင်နန္ဒ၏ ‘မချစ်ဘူးလို့ထင်ခဲ့ပေမယ့်’ ဓာတ်ကားမှ နိုင်းနိုင်းနှင့်စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်ဟန်။

ဖိုးလပြည့်ဗီဒီယိုမှ ဒါရိုက်တာ ခိုင်မြတ်အောင် ရိုက်ကူး၍ ရာဇာနေဝင်း၊ မင်းဟိဏ်း၊ ဖြိုးငွေစိုးနှင့် ဆုပန်ထွာတို့ပါဝင်သော **လက်ငင်းဈေး** ဓာတ်ကား။ ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာထက်ပိုင်ရိုက်ကူး၍ ဂျွန်ဂို၊ ခိုင်ဇင်သော်တို့ပါဝင်သော **တူဖြစ်သွားသော ပေ** ဓာတ်ကား။ မင်းသူအောင်ဗီဒီယိုမှ ဒါရိုက်တာလင်းထက် ရိုက်ကူး၍ ကျော်ဇောဟိန်းနှင့် ထက်ထက်ခိုင်တို့ပါဝင်သော **အမှားရဲ့ဒဏ်** ဓာတ်ကား။ ကျော်ကျော်ဦးဗီဒီယိုမှ တင်ဝင်းလှိုင်(ဓာတ်ပုံ)ရိုက်ကူး၍ နေလင်းဦးနှင့် ထားအဥ္ဇလီတို့ ပါဝင်သော **မဟုတ်မခံမိုးပျံ** ဓာတ်ကား။

စိန်ပန်းမင်းဗီဒီယိုမှ ဒါရိုက်တာ ဗိုဝမ်းရိုက်ကူး၍ ငြိမ်းချမ်း၊ ဝိုင်းချစ်နှင့် ထက်ထက်တို့ပါဝင်သော **ရယ်စရာကောင်းတဲ့ လက်သီး** ဓာတ်ကား။ ကြောင်ကမ္ဘာ ဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်သိန်း ရိုက်ကူး၍ နေမျိုးအောင်နှင့် လှအဥ္ဇလီတင့်တို့ ပါဝင်သော **ရွှေပုဂ္ဂားမှာ သစ္စာဆိုမယ်** ဓာတ်ကား။ စိန်ငွေဗီဒီယိုမှ ဒါရိုက်တာ မောင်နန္ဒရိုက်ကူး၍မော့စ်၊ ပွင့်၊မန်းဝင်းနှင့် ဒေါ်နွဲ့နွဲ့စန်းတို့ပါဝင်သော **အရုပ်ကူပါလူဝိုင်းပါ(၂)** ဓာတ်ကား။ စိန်ငွေဗီဒီယိုမှ ဒါရိုက်တာဒီအေးလွင် ရိုက်ကူး၍ ကျော်ဇောဟိန်းနှင့် ခြူးတို့ပါဝင်သော **အမှားမပြင်တဲ့လူ** ဓာတ်ကား။



ရွှေပုဂ္ဂားတွင် သစ္စာဆိုမယ်

ကြောင်ကမ္ဘာ ဗီဒီယိုမှ ရိုက်ကူးသော ‘ရွှေပုဂ္ဂားတွင် သစ္စာဆိုမယ်’ ဓာတ်ကားမှ နေမျိုးအောင်နှင့် လှအဥ္ဇလီတင့်တို့အတွဲ။

တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ ကိုသိန်းနိုင်ရိုက်ကူး၍ ငြိမ်းချမ်း၊ ဖိုးဖြူနှင့် ကျော်ထူးတို့ပါဝင်သော **ရယ်စရာဓာတ်လမ်းတွေ သယ်လာပြီ** ဓာတ်ကား။ ဝင်းဘုရားသားဗီဒီယိုမှ မြိုင်စစ်သူရိုက်ကူး၍ အောင်ပိုင်၊ ကျော်ဇောဟိန်းနှင့်သဲဆုပိုင်တို့ပါဝင်သော **ငတိုးနဲ့ငစိုး** ဓာတ်ကား။ မင်းသူအောင်ဗီဒီယိုမှ လင်းထက်ရိုက်ကူး၍ စိုင်းသီဟနှင့် နော်ဇာလှိုင်တို့ ပါဝင်သော **ပြေးမလွတ်** ဓာတ်ကား။ အောင်ဗီဒီယိုမှ ဟန်မင်းထက်ရိုက်ကူး၍ ခင်လှိုင်၊ ကင်းကောင်၊ ဗေလုဝနှင့် သင်းသင်းယုလှိုင်တို့ ပါဝင်သော **ဟာသစုဘူး ပထမဖောက်ခြင်း** ဓာတ်လမ်းတိုများ ဓာတ်ကားတို့ ဖြန့်ချိပြသမည်ဖြစ်သည်။ ။**(မြန်မာ့အလင်း)**

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးတိုက် မြတ်မင်္ဂလာကျောင်းမှ ကျင်းပသော ဇမ္ဗူရတနာ ကလေးငယ်များ ဗုဒ္ဓဝင်ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထင်မျိုး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(၃၂၂)

မြန်မာနိုင်ငံဗိသုကာများအသင်း သင်းလုံးကျွတ်ညီလာခံကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ဗိသုကာများ အသင်း၏ နှစ်ပတ်လည်သင်းလုံး ကျွတ်ညီလာခံနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပမည် ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ ဗိသုကာပညာရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

၁၉၇၇ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဘူမိဗေဒကျောင်းသားဟောင်းများ၏ အငြိမ်းစားမြောက်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၂၀-၂-၂၀၀၅(တနင်္ဂနွေနေ့)
အချိန် – ညနေ (၆:၀၀)နာရီ
နေရာ – Ruby Hall, Excel Treasure Restaurant, Excel Treasure Tower (10th Level)
ရွှေဂုံတိုင်မီးပွိုင့်အနီး။

အေးကိုကို၊ တင်ဦး ဖုန်း– ၂၄၁၂၈၅၊ ၂၄၁၁၈၂ လှအောင် ဖုန်း – ၀၉၉၈၇၀၆၃၉
မြထူး၊ ကျော်ထူး ဖုန်း– ၅၅၈၄၂၈၊ ၅၅၈၃၀၇ အောင်ကြိုင် ဖုန်း– ၀၉၅၀၀၂၉၇၄
ဟန်ငြိမ်း ဖုန်း– ၂၀၂၈၀၂ အောင်မြင့်ကျော် ဖုန်း– ၃၇၇၆၇၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ဈေးပြိုင်ချိပ်ပိတ်လေလံဈေးနှုန်းလွှာ တင်သွင်းရန်ဖိတ်ကြားခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော လမ်းမတော်ကမ်းနားဒေသရှိ နစ်ဆင်ဂိုဒေါင်ငါးလုံး၊ (ယခင်ရှင်းလင်းဆောင်)ကို ဈေးပြိုင်ချိပ်ပိတ်လေလံ စနစ်ဖြင့် ဖျက်သိမ်းရယူခွင့်ပြုမည်ဖြစ်ပါသဖြင့် လေလံဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။
၂။ ချိပ်ပိတ်လေလံပုံစံများကို ၁၀-၂-၂၀၀၅ ရက်နေ့မှ စတင်ဝယ်ယူနိုင်ပြီး ၂၃-၂-၂၀၀၅ရက်နေ့ ၁၆:၀၀နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ အသေးစိတ်အချက်အလက်များကို မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အမှတ်(၁၀)ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၂၅၃၃၅၈၊ ၃၈၂၇၂၂(လိုင်းခွဲ ၃၀၁၊ ၃၁၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြို့ပြအင်ဂျင်နီယာဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်။

POSEIDON MARINE TRAINING CENTRE
(MARINE CATERING TRAINING)
#2,Room NO. (09&10), United Condo Tower,

No(39) အလံပြဘုရားလမ်း(အထက(၁)ဒဂုံအနီး)Dagon Tsp,Yangon.
Tel:381344

Waiter, Steward/Mess Man Course

လက်တွေ့ဦးစားပေးစနစ်ဖြင့် လုပ်ငန်းနှင့်အံဝင်ခွင်ကျဖြစ်သည်အထိ သင်ကြားပါမည်။ သင်တန်းနှင့်ဆက်သွယ်ထားသော Hotelနှင့် Shipping Line များ ရှိ၍ သင်တန်းပြီးဆုံးအောင်မြင်ပါက အလုပ်အကိုင်အခွင့်အလမ်း အမှန်တကယ် ရရှိရန် ကူညီဆောင်ရွက်ပေးမည်။ Part time အလုပ်များ လုပ်လိုပါကလည်း စီစဉ်ပေးမည်။ (၁၄-၂-၂၀၀၅)သင်တန်းစမည်။ **တန်းခွဲတစ်ခု ၁၆ဦးသာ။** အထက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းတာဝန်ခံ Ko Thein Tan

Ex:
- F&B Staff (Strand Hotel)
- Banquet Manager (Sedona Hotel)
- Mariner Shipping Co;(Bangkok)
- Hanseatic Shipping Co;(Germany)

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
မောင်ညီညီထက်(ခ)မောင်ညီမင်းထက်

ချစ်တဲ့သားသား မိသားစုထဲကနေ ခွဲခွာသွားခဲ့တာ ဒီနေ့ ၇-၂-၂၀၀၅ ရက်ဆိုလျှင် (၃)နှစ်ပြည့်ပြီဖြစ်ပေမယ့် သားသားကို အမြဲတမ်းသတိရနေပါတယ်။ သားသားအတွက် ရည်မှန်းပြီး နေ့စဉ်၊ လစဉ်၊ ဒီနေ့(၃)နှစ်ပြည့်တဲ့အထိ ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုများကိုလည်း သားသားအတွက် အမျှအတန်း ပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သားသား သာဓုခေါ်ဆိုနိုင်ပါစေ။ **သားသားရေ – အမျှ အမျှ အမျှ**

သားသားကိုချစ်တဲ့
ဘိုးဘိုး – သူရဦးအောင်ထက်၊ ဘွားဘွား–ဒေါ်စောမြ
ဖေဖေ – ဦးကျော်ကျော်ထက်၊ မေမေ–ဒေါ်နီလာအောင်
မမ – စန္ဒီအောင်ထက်
အန်တီစိုး
ဦးကျော် – အန်တီနန်း
အန်တီဥမ္မာမိသားစု
ဦးဝင်းထက် – အန်တီသီဂီ
အန်တီသစ်။

(၁)နှစ်ပြည့် အလွမ်း

(ဒေါ်တင်တင်(မြိတ်) အထက ကျောင်းအုပ်ဆရာမကြီး)

မိသားစုနဲ့ ခွဲခွာသွားလိုက်တာ ယနေ့(၇-၂-၂၀၀၅)မှာ (၁)နှစ်ပြည့်သွားပါပြီ အမေကြီးရယ်၊ သံသရာဘဝကူး မွန်မြတ်ရန်အတွက် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆွမ်း၊ ဆေးများကပ်လှူခြင်း၊ ကောင်းမှု ပြုလုပ်ပေးခြင်းကြောင့် ရောက်ရာဘဝမှ သာဓုအနုမောဒနာ ခေါ်နိုင်ပါစေ။

ဖေဖေ ဦးခင်မောင်ညို (အထပြ၊ငြိမ်း)
သားကြီး ညိုမင်းသက် (2/O.M.T.M)
သမီး ညိုဝင်းလဲ့ (ကျိုက်ထိုဟိုတယ်)
သားငယ် ညိုမိုးသက်–နန်းမေသူအောင် (မြေးဦး) သားထက်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၁ခ/၅၉၂၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူ ပျောက်ဆုံးသွားသဖြင့်ကန့်ကွက်လိုသူများသည်သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အဖဦးဌေးဝင်း ၁၂/ဥကမ (နိုင်) ဝ၃၃ဝ၁၆၊ အမိ ဒေါ်လှလှတင် ၁၂/ ဥကမ(နိုင်) ဝဝ၅၂၄၉ တို့၏ တတိယမြောက်သား မောင်တေဇဝင်း၁၂/ဥကမ(နိုင်) ၁၅၄၄၂၄ ကို သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးဌေးဝင်း–ဒေါ်လှလှတင်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး ဖူးမြော်ကြည်ညို၊ အလှူငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ ကျိုက်မရောမြို့သို့သွားရောက်ကြပြီး ရှေးဦးစွာ ကျိုက်မရောမြို့ ဖွံ့ဖြိုး တိုးတက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြိုဆို

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆုတောင်းပြည့် ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆုတောင်းပြည့်ဘုရားကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ပေးအပ် လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆုတောင်းပြည့်ဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြည်ညိုကြသည်။

■ စာမျက်နှာ ၄ ကော်လံ ၁

ဖေဖော်ဝါရီ ၄ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာအနီးရှိ စစ်တောင်းတံတား (မုပ္ပလင်)တည်ဆောက်ရန် လျာထားသည့်နေရာကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

ပြည်ထောင်စုတည်တံ့ခိုင်မြဲရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်ထိန်းသိမ်း မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းအခမ်းအနား ကယားပြည်နယ် လွိုင်ကော်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီ၄၅မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့ရှိ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

❍ စာမျက်နှာ ၄ ကော်လံ ၅

မြန်မာ့အလင်း

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❒ ချင်းရွှေဟော်မှ ရေကြည်မြ

မြင်းမူမောင်နိုင်မိုး၏ကဗျာ (စာ-၃)

❒ ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသား ပြည်သူတို့၏အကျိုးကို သယ်ပိုး မြှင့်တင်ပေးနေသော တပ်မတော်အစိုးရ၏ စေတနာ ပမာဏသည် မိဘက သားသမီးအပေါ်ထားရှိသော စေတနာ ပမာဏနှယ် အတိုင်းအဆမရှိ ကြီးမားကျယ်ပြန့် လှပါဘိဟု ရှမ်းပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုက ပြဆိုနေ။

သီဟအောင်၏ ဆောင်းပါး (စာ-၈၊၁၀နှင့် ၁၁)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။